ရန်ကုန်မြို့
သုဓမ္မာတိုက်
မဟာပဋ္ဌာန်းကျောင်း

ပဓာနနာယက
မဟာပဋ္ဌာန်းဆရာတော်
ဘဒ္ဒန္တဝါယမ

၏

အဋ္ဌသာလိနီ

ဝိုးချစဉ်ကျမ်း

သာသနာ-၂၅၄၅ ကောလာ-၁၃၆၃ ခရစ်-၂၀၀၂-ခုနှစ်

ရန်ကုန်မြို့
သုဓမ္မာတိုက်
မဟာပဋ္ဌာန်းကျောင်း

ပဓာနနာယက
မဟာပဋ္ဌာန်းဆရာတော်
ဘဒ္ဒန္တဝါယမ

၏

အဋ္ဌသာလိနီ

ဝိဘင်္ဂကျမ်း



သာသနာ-၂၅၄၅ ကောဇာ-၁၃၆၃ ခရစ်-၂၀၀၂-ခုနှစ်

ပထမအကြိမ်

အုပ်ရေ ၁၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်

ရတနာ့ဂုဏ်အောင်ဆက်ပုံနှိပ်တိုက်

ဒေါ်စိမ်းစိမ်းအေး

ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၅၃၀၀)

အမှတ် ၅၁ (က)၊ လမ်း (၁၄၀) ၊ မအူကုန်းရပ်ကွက်၊
တာမွေမြို့နယ် ၊ ရန်ကုန်။ ☎ (၀၁) ၂၀၀၀၇၆

မှ ရိုက်နှိပ်၍

ညွှန်ကြားရေးမှူး ဦးညွှန့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇/က)မှ
ထုတ်ဝေသည်။

ဤပို့ချစဉ်ကျမ်း ရေးသားရခြင်း၏ ရည်ရွယ်ချက်

သုံးလောကထွဋ်ထား မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ပူဇော်သောအား ဖြင့်လည်းကောင်း၊ တရားတော်မြတ်၏ ဂုဏ်တော်တို့ကို ပူဇော်သောအားဖြင့်လည်း ကောင်း၊ သံဃာတော်အရှင်မြတ်၏ ဂုဏ်တော်တို့ကို ပူဇော်သောအားဖြင့်လည်း ကောင်း၊ ဗုဒ္ဓဘုရား၏ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက် ပူဇော် သောအားဖြင့်လည်းကောင်း၊ သင်ဆရာ, မြင်ဆရာ, ကြားဆရာတို့၏ ကျေးဇူးဂုဏ်တို့ကို ပူဇော်သောအားဖြင့်လည်းကောင်း၊ ကျေဇူးရှင် မိဘနှစ်ပါးတို့၏ ကျေးဇူးဂုဏ်တို့ကို ပေးဆပ်သောအားဖြင့်လည်းကောင်း သောတုဇန စာသင်သားတို့၏ အခက်အခဲကို ကျော်လွှားရ အောင်ပန်းကို ဆွတ်ခူးနိုင်ရန် ဟူသော ရည်ရွယ်ချက်တို့ဖြင့် ဤပို့ချစဉ် ကျမ်းကို ရေးသားရခြင်းဖြစ်ပါသည်။

တောင်းပန်လွှာ

ဤပို့ချစဉ်ကျမ်းအမည်ရှိသော စာအုပ်ငယ်ကို ရေးသားရာ၌ ပုထုဇဉ်ဖြစ် သည်အားလျော်စွာ အမှားကင်းမည် မဟုတ်ပါလေ။ အကယ်၍ မှားယွင်းမှုများ တွေ့ရှိပါက မိမိရေးသားသော ကျမ်းစာကဲ့သို့ စေတနာထား, မေတ္တာပွား၍ ပြင်ဆင် ကြည့်ရှုကြပါရန် တောင်းပန်အပ်ပါသည်။

မဟာပဋ္ဌာန်းဆရာတော်

ဘဒ္ဒန္တ ဝါယမ

သုဓမ္မာတိုက်၊ မဟာပဋ္ဌာန်းကျောင်း၊

ဗဟန်း (၃)လမ်း၊ ရန်ကုန်မြို့။

ကျေးဇူးတင်မှတ်တမ်းလွှာ

ဤစာအုပ်ဖြစ်ပေါ်လာရန် အထူးသဖြင့် ကူညီသော ဆရာကြီး ဦးမြင့်သူ (သ။ စ။ အ) ဓမ္မာစရိယ အားလည်းကောင်း၊ စာမူများကို ရေးသားကူညီပေးကြသော တပည့်များဖြစ်ကြသော -

၁။ အရှင်နန္ဒောဘာသ (တန့်ဆည်)

၂။ အရှင်သုမင်္ဂလ (ကနီ)

၃။ အရှင်ဇနက (ညောင်ဦး)

၄။ အရှင်ကောဝိဒ (ရမည်းသင်း)

၅။ အရှင်ဇာဂရ (ညောင်ဦး)

၆။ အရှင်ဇာနေယျ (ပျဉ်းမနား)

၇။ အရှင်ဓမ္မပီယ (တန့်ဆည်)

၈။ အရှင်ကုက္ကုလ (ရေဦး) ဓမ္မာစရိယ-တို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

မှတ်သားဖွယ်ရာ မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

စည်းမျဉ်းအဖြေများ

၁။ နံပါတ် (၁) ဆိုင်ရာစည်းမျဉ်း ၂
၂။ နံပါတ် (၂) ။ ၆
၃။ နံပါတ် (၃) ။ ၁၅
၄။ နံပါတ် (၄) ။ ၁၉
၅။ နံပါတ် (၅) ။ ၂၄
၆။ နံပါတ် (၆) ။ ၂၄
၇။ နံပါတ် (၇) ။ ၂၄
၈။ နံပါတ် (၈) ။ ၂၉
၉။ နံပါတ် (၉) ။ ၃၀
၁၀။ နံပါတ် (၁၀) ။ ၃၀

အဋ္ဌသာလိနီမေးခွန်း ပို့ချစဉ်

၁။ ပီတိနိဒ္ဒေသေ . . ပ . . ပမောဒနာတိ ဝုတ္တာ ၅၁
၂။ ဟာသေကီတိ . . ပ . . ပီတိယာ ဧတံ နာမံ ၆၄
၃။ ပီတိမာ ပန ပုဂ္ဂလော . . ပ . . အတ္တမာနတာ စိတ္တသာတိ ဝုတ္တာ ၇၄
၄။ ဧကဂ္ဂတာနိဒ္ဒေသေ . . ပ . . နာ ဗလဝတီတိ ဟောတိ ၈၃
၅။ ဥဒ္ဓစ္စဝိစိကိစ္ဆာဝသေန . . ပ . . အဝိသာဟဋ္ဌမာနသတာ ၉၂

မှတ်သားဖွယ်ရာ မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆။	သမထောတိ . . ပ . . စိတ္တသမထော အဓိပ္ပေတော	၉၉
၇။	သဒ္ဓိန္ဒြိယန်ဒ္ဒသေ . . ပ . . အဘိပ္ပသာဒေါ	၁၀၈
၈။	ကဒါနိ ယသ္မာ သဒ္ဓိန္ဒြိယာဒီနံ . . ပ . . သဒ္ဓါဗလံ	၁၁၆
၉။	ဝီရိယိန္ဒြိယနိဒ္ဒေသေ . . ပ . . အနေကေသု အတ္ထေသု အာဂတော	၁၂၅
၁၀။	ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ . . ပ . . ဝီရိယသင်္ခါတော အာရမ္ဘောတိ	၁၃၅
၁၁။	ဝီရိယဉ္စ . . ပ . . ဓာရေတီတိ ဓိတိ	၁၄၃
၁၂။	ကာမံ တစော စ နှာရု စ . . ပ . . ဓုရသမ္ဖဂ္ဂါဟော‌တိ ဝုတ္တံ	၁၅၃
၁၃။	သတိန္ဒြိယနိဒ္ဒေသေ . . ပ . . အယဉ္စေတ္ထ အတ္ထော	၁၆၂
၁၄။	သုတပရိယတ္တာသ . . ပ . . အပိလာပနတာတိ ဝုတ္တာ	၁၇၁
၁၅။	ပညိန္ဒြိယနိဒ္ဒေသေ . . ပ . . ဥပသဂ္ဂေန ပဒံ ဝမိုတံ	၁၇၈
၁၆။	စတုသစ္စမေ့ . . ပ . . ဝိဘာဝနဝသေန ဝေဘဗ္ဘာ	၁၈၆
၁၇။	အနိစ္စာဒီနံ . . ပ . . ရမတီတိပိ ဘူရီ	၁၉၄
၁၈။	အသနိ ဝိယ သိလုစ္စယေ . . ပ . . ဇာနာတီတိ သမ္ဗဇည်	၂၀၃
၁၉။	ဥပ္ပထပဋိပန္နေ . . ပ . . ပညာဝ ပါသာဒေါ ပညာပါသာဒေါ	၂၁၁
၂၀။	အာလောကနဋ္ဌေန . . ပ . . တေနေတံ ဝုတ္တံ	၂၁၈
၂၁။	ရတိကရဏဋ္ဌေန . . ပ . . ဣဓ အဓိပ္ပေတောတိ	၂၂၆
၂၂။	သမ္မာဒိဋ္ဌိတိ . . ပ . . တသ္မာ ဒ္ဝိတိတိ အာဒီနိ ဝုတ္တာနိ	၂၃၅
၂၃။	ဝစနတ္ထော ပနေတ္ထ . . ပ . . ကာရေတီတိ ဇိဝိတိန္ဒြိယံ	၂၄၂
၂၄။	ဟိရိဗလနိဒ္ဒေသေ . . ပ . . ပါပကာနန္တိ လာမကာနံ	၂၄၉

မှတ်သားဖွယ်ရာ မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၅။	သမာပတ္တိယာတိ . . ပ . . ဣဒမသ္မ သဘာဝပဒံ	၂၅၇
၂၆။	အလုဇ္ဇနာတိ . . ပ . . နာ အဘိဇ္ဈာယတီတိ အနဘိဇ္ဈာ	၂၆၅
၂၇။	အလောဘော ကုသလမူလန္တိ . . ပ . . ကုသလမူလံ	၂၇၂
၂၈။	အဒေါသနိဒ္ဒေသေ . . ပ . . နာ ဗျာပဇ္ဇောတိ အဗျာပဇ္ဇော	၂၇၈
၂၉။	အဒေါသသဒ္ဒါတံ . . ပ . . ဥပသဂ္ဂဝသေန ဝဓိုတံ	၂၈၆
၃၀။	ပသာမ္ဘနာတိ . . ပ . . ဒရထပဋိပ္ပဿဒ္ဓိ ကထိတာ	၂၉၃

မာတိကာပြီး၏

ကွန်ပျူတာစာစီဌာန

ဦးအောင်ချမ်း

(သိရိပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ)

မြသီရိ (၃)လမ်း၊ စစ်တောင်းလမ်း၊

(၃၀) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊

ဖုံး -၅၈၀၇၂၈

မှတ်သားရန်။ ။ကိုယ်တိုင်စီ၊ ကိုယ်တိုင်စီစစ်ပေးပါသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အင်္ဂသာလိနီ ဒုတိယနေ့ ပဉ္ဆာစည်းမျဉ်း

(ဆောင်) နက် တက် ဒေါဝါ၊ ဗျူပ္ပတ္တာနှင့်၊ လိင်္ဂဏာ၊ အာဘော်ရှာ၍၊ နိပါသဗ္ဗ၊ နက်ဖော်ပြရန်၊ ငါးတန်ကြိယာ၊ လေးဖြာလက္ခဏာ၊ ပဌာန်းမှန်သည်၊ ဆယ်တန်နီမှာ မေးရိုးတည်း။

ဆောင်ပုဒ်ရှင်းလင်းချက်

(၁) အနက်မျိုးစုံကို မေးခြင်း၊

(၂) ဌပနာ အာဘောဂါဒိ ပဉ္စကစောဒနာ၊ ပါပနာဒိကျမ်းရိုးငါးချက် စောဒနာတက်နှင့် အတက်, အထွက် မေးခြင်း၊

(၃) ဂန္ထဒေါသနှင့် ဝါသဒ္ဒါ စသည်ထားပုံ, အဓိပ္ပါယ်မေးခြင်း။

(၄) ဝိဂ္ဂဟာနှင့်ဗျုပ္ပတ္တိစတုက္က ထုတ်ပုံမေးခြင်း၊

(၅) လိင်္ဂ, ဂဏ, ကာရန္တ, ပဒ တို့ကို မေးခြင်း၊

(၆) အာဘော်+သံဝဏ္ဏနာတို့ကို မေးခြင်း၊

(၇) နိပါတ်ပုဒ်, သဗ္ဗနာမ်ပုဒ်တို့၏ အနက်၊ (သို့မဟုတ်) အစွဲတို့ကို မေးခြင်း၊

(၈) ကြိယာငါးတန်၊ (သို့မဟုတ်) သိဒ္ဓိ, ဝေဒိတဗ္ဗော စသည်များကို မေးခြင်း၊

(၉) လက္ခဏာဒိစတုက္ကကို မေးခြင်း၊ (သို့မဟုတ်) အဓိပ္ပါယ်ကို မေးခြင်း၊

(၁၀) ပဌာန်းစာစပ်နှင့်ပစ္စည်းပြိုင်, ပစ္စည်း+ပစ္စယုပ္ပန်ဖြစ်ပုံကို မေးခြင်းများ ဖြစ်သည်။

နံပါတ် (၁) ဆိုင်ရာစည်မျဉ်း

အနက်ပေးနည်း

အာကာရအတွင်းသွင်း+အပြင်ထုတ် ပေးနည်း၊ သဒ္ဒတ္ထ+အဓိပ္ပါယတ္ထ ပေးနည်း စသည်ဖြင့် များစွာရှိသည်တွင် အမေးများသော အနက်တို့ကို ပို့ချပါမည်။

အာကာရအပြင်ထုတ် ပေးပုံ

ပုံစံ။ ဧဝမေဇ အယမ္ပိ ဓမ္မော ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန အဘိဓမ္မောတိ ဝုစ္စတိ။ (ဋ္ဌ၊ ၃)

(က) အဘိဓမ္မောတိ-သည် အာကာရ၊

(ခ) အကြွင်း ဧဝမေဝ ။ပ။ ဝုစ္စတိ-သည် အာကာရဝန္တဝါဂျ ဖြစ်သည်။

အာကာရအပြင်ထုတ် အနက်ပေးပုံ

ဧဝမေဝ၊ ဤအတူသာလျှင်။ အယမ္ပိ ဓမ္မော၊ ဤကုသလာ ဓမ္မာ အစရှိသော ပါဠိတော်ကိုလည်း။ ဓမ္မာတိရေကဓမ္မဝိသေသဋ္ဌေန၊ သူတ္တန်ပါဠိထက် သာလွန်သော ပါဠိတော်, ထူးဆန်းသော ပါဠိတော် ဟူသောအနက်ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်၏။

ကိံ၊ အဘယ်သို့။ ဝုစ္စတိ၊ ဆိုအပ်ပါသနည်း။ အဘိဓမ္မောတိ၊ အဘိဓမ္မောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်သတည်း။

(ဆောင်) ကုတိသဒ္ဒါ၊ အာကာရတ္ထာ၊ နောင်ဦးပြမူ၊ ဝါစကပုစ္ဆာ၊ ကိံသဒ္ဒါကို၊ ရှေ့မှာ စွက်၍၊ အနက်သမ္ဗန်မြဲ။ (ဘုရားကြီး၊ ၁၄၁)

နိယံအဖြဲ့။ “ဟူ၍” ဟူသော အာကာရအနက်ဟော ဣတိ-သဒ္ဒါကို နောက်၌ ပြထားလျှင် ပုစ္ဆာအနက်ဟော။ ပုစ္ဆာဝါစက ကိံသဒ္ဒါကို ထည့်၍ အနက်ပေးရမည်ဟု ပြပါသည်။

အာကာရအတွင်းသွင်း ပေးနည်း

ပုံစံ။ (က) အပရော နယော၊

(ခ) ဓမ္မောတိ ဟေတု၊

(ဂ) ဝုတ္တဥ္ဉတံ “ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ”တိ။ (၌၊ ၂၃)

(ဂ) ဝုတ္တဥ္ဉတံ-သည် အာကာရဝန္တဝါက္ယ၊
ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ-သည် အာကာရဝါက္ယ။

ဤ (ဂ)ဝါက္ယကို အာကာရအတွင်းသွင်း ပေးပုံ

ဟိ၊ အာဂမဒ္ဒိ သာဓကကို ဆိုဦးအံ့။ ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ၊ ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ ဟူသော။ (ဝါ) ဟူ၍။ ဧတံ သုတ္တံ၊ ဤပါဠိတော်ကို။ (ဘဂဝတာ၊ သည်။) ဝုတ္တံ၊ ဆိုအပ်ပြီ။

[ဤသို့ ဝုတ္တံနှင့် ဧတံ-အတွင်းသို့ ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ-ဟူသော အာကာရဝါက္ယကို အတွင်းသွင်း၍ ပေးပုံဖြစ်သည်။]

ဟေတုမှိ၊ အကြောင်း၌။ ဉာဏံ၊ သိတတ်သောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါမည်၏။

(က) ဝါက္ယ၌ အပရော-၏ အပါဒါန်ခံ၍ အနက်ပေးပုံ

ပုဗ္ဗနယတော၊ ရှေ့နည်းမှ။ (အပါဒါန်) အပရော၊ တစ်ပါးသော။ နယော၊ ကို။ (မယာ၊ သည်။) ဝုစ္စတေ၊ အံ့။

(ခ) ဓမ္မောတိ ဟေတု-ဝါကျကို သံဝဏ္ဏောတပ္ပ, သံဝဏ္ဏနာ အပြန်အလှန် အနက်ပေးပုံ

ဓမ္မောတိ၊ ဟူသည်ကား။ ဟေတု၊ အကြောင်းသည်။ (တစ်နည်း) ဟေတု၊ အကြောင်းသည်။ ဓမ္မောတိ၊ ဓမ္မ မည်၏။ (အပြန်အလှန်)

(ခ) ဓမ္မောတိ ဟေတု - ဝါကျနှင့်

(ဂ) ဝုတ္တဥ္ဉေတံ် စသော ဝါကျကို ဝါကျပရိဝတ္တနဝါကျ အပြန်အလှန် အနက်ပေးပုံ

(ခ) ဟေတု၊ သည်။ ဓမ္မောတိ၊ ဓမ္မမည်၏။

ကသ္မာ၊ ကြောင့်။ ဟေတု၊ သည်။ ဓမ္မောတိ၊ ဓမ္မမည်၏။ ကွတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်ပါသနည်း။

(ဂ) ဟိ-ယသ္မာ၊ ကြောင့်။ ဟေတုမှိ ဉာဏံ ဓမ္မ [illegible]ဒါတိ၊ ဟူသော။ ဧတံ သုတ္တံ၊ ဤပါဠိတော်ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။ တသ္မာ၊ ကြောင့်။ ဟေတု၊ သည်။ ဓမ္မောတိ၊ မည်၏။ ကွတိ၊ သို့။ ဝိညာယတိ၊ သိအပ်ပါသတည်း။

သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ အနက်ပေးပုံ

မာတရံ ပမုခံ ကတ္တာ၊ တဿာ ပညာယ တေဇသာ။
အာဘိဓမ္မကထာမဂ္ဂံ၊ ဒေဝါနံ သမ္မဝတ္တယိ။ (၌၊ ၁)

မာတရံ၊ မယ်တော်ကို။ ပမုခံ၊ အဦးပဓာနကို။ ကတ္တာ၊ ပြု၍။ တဿာ ပညာယ၊ မဟာကရုဏာတော်ဖြင့် နှိုင်းယှဉ်အပ်ခဲ့သော ထိုသဗ္ဗညုတဉာဏ်တော်၏။ တေဇသာ၊ အစွမ်းသုံးဖော် တန်ခိုးတော်ဖြင့်။ အာဘိဓမ္မကထာမဂ္ဂံ၊ ခန္ဓာစသော တရားတို့ကို

သိခြင်း၏အကြောင်းဖြစ်သော အဘိဓမ္မာဒေသနာတော်ကို။ (သဒ္ဒတ္ထ) (၀၂) သစ္ဓ ပဋိဝေဓ၏အကြောင်းဖြစ်သော အဘိဓမ္မာဒေသနာတော်ကို။ (သဒ္ဒတ္ထ) တစ်နည်း-အဘိဓမ္မကထာမဂ္ဂံ၊ အဘိဓမ္မာကို ဟောကြောင်းဖြစ်သော ဒေသနာအစဉ်ကို။ (သဒ္ဒတ္ထ) ဒေ၀ါနံ၊ ဥပပတ္တိနတ်ဗြဟ္မာ၀ုံအား။ သမ္ပ၀တ္တယိ၊ ကောင်းစွာအပြားအားဖြင့် ဖြစ်တော်မူပြီ။ (သဒ္ဒတ္ထ) ၀၂- ဟောတော်မူပြီ။ (အဓိပ္ပါယတ္ထ)

နံပါတ် (၁) ဆိုင်ရာစည်းမျဉ်း ပြီး၏။

* * * * *

နံပါတ် (၂) ဆိုင်ရာစည်းမျဉ်း

အတက်, အထွက်၌ အမေးများသော ကျမ်းရိုးငါးချက်စောဒနာတက်၊ ဌပနာ အာဘောဂါဒိပဋ္ဌာကစောဒနာတက်တို့ကို ရှင်းပြပါမည်။

(၁) ဌပနာ၊
(၂) အာဘောဂ၊
(၃) အာဘောဂဟေတု၊
(၄) ဌပနာပဋိက္ခေပ၊
(၅) စောဒနာ - ဟု

ဤအင်္ဂါ (၅)ပါးနှင့် ပြည့်စုံသောအတက်ကို "ဌပနာပဋ္ဌကစောဒနာတက်" ဟု ခေါ်သည်။

နိယံ။ ဌပနာပြု၊ ဒေါသလက္ခဏာ၊ အာဘောဂါနှင့်၊ ဟိတ်ဖြာရှေ့ပယ်၊ နွယဆွယ်၊ မေးဘွယ်ပဋ္ဌက တက်နည်းပြ။

ဌပနာပါပနာဒိကျမ်းရိုးငါးချက် စောဒနာတက်အင်္ဂါများ

(၁) ဌပနာ၊
(၂) အနုလောမပါပနာ၊
(၃) ပဋိလောမပါပနာ၊
(၄) အနုလောမရောပနာ၊
(၅) ပဋိလောမရောပနာ၊

ဤအင်္ဂါ (၅)ပါးနှင့် ပြည့်စုံသောအတက်ကို "**ဌပနာပါပနာဒိ ကျမ်းရိုးငါချက် စောဒနာတက်**" ဟု ခေါ်သည်။

နိယံ။ ဌပနာနောက်၊ နက်ရောက်နှင့်ပြင်၊ အတင်နှစ်ဖြာ၊ စောဒနာ၊ မှတ်ပါပဋ္ဌာန။

ပုံစံ။ (က) ဓမ္မောတိ ဟေတု၊
(ခ) ဟေတုမို ဉာဏံ ဓမ္မပဋိသမ္ဘိဒါတိ။ (ဌ၊ ၂၃)

(က) ဝါကျမှ (ခ) ဝါကျသို့ ဌပနာပဋ္ဌာနစောဒနနာတက်ပုံ

အရှင်အဋ္ဌကထာဆရာ(အာလုပ်) ဆရာသည် (ကတ္တား) ဓမ္မောတိ ဟေတု ဟူသော (က) ဝါကျဖြင့် ဓမ္မသဒ္ဒါ၏အကြောင်းဟော၏အဖြစ်ကို ဆိုတော်မူ၏။ (**ဌပနာ**)

ဤသို့ ဆိုသည်ရှိသော် (**ဒေါသာပေက္ခလက္ခဏာ**) မိမိ၏ သဘာဝစနမျှသာ ဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော့။ (**အာဘောဂ**) ထိုသို့ မယုံကြည်နိုင်ရာသည်ဖြစ်သောကြောင့် (**အာဘောဂဟေတု**) ဓမ္မောတိ ဟေတု ဟူ၍ ဓမ္မသဒ္ဒါ၏ အကြောင်းဟောအဖြစ်မျှကိုသာ မဆိုသင့်။ (**ဌပနာပဋိက္ခေပ**) ထိုစကားကို ယုံကြည်ကြောင်းဖြစ်သော ပရဝစန သာဓက အာဂမ ဒဋ္ဌကရဏ စကားကား အဘယ်ပါနည်း။ (**စောဒနာ**) ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော အဋ္ဌကထာဆရာသည် ဝုတ္တဥ္စေတံ အစရှိသော (ခ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = ဟေတုမို ဉာဏံ ဓမ္မပဋိသမ္ဘိဒါဟူ၍ ပဋိသမ္ဘိဒါမင်္ဂပါဠိတော်၌ အရှင်သာရိပုတ္တရာ ဟောတော်မူသောကြောင့် ယုံကြည်အပ်၏ ဟူလို။

(က) ဝါကျမှ (ခ) ဝါကျသို့ ဌပနာပါပနာဒိ ကျမ်းရိုးငါးချက် စောဒနာတက်ပုံ

ဆရာ၊ (**အာလုပ်**) ဆရာသည် (**ကတ္တား**) ဓမ္မောတိ ဟေတု ဟူသော (က) ဝါကျပါဌ်ဖြင့် ဒဋ္ဌဃကို ပြဆိုတော်မူ၏။ (**ဌပနာ**)

ဤသို့ ဒဋ္ဌဃကိုသာ ပြဆိုသည်ရှိသော် (**ဒေါသာပေက္ခလက္ခဏာ**) ဒဋ္ဌဃသာရှိ၍ ဒဋ္ဌကရဏမရှိ ဟူသော အနက်သည် ရောက်၏။ (**အနုလောမပါပနာ**) စင်စစ်

တမူကား ဒဋ္ဌိယသာရှိ၍ ဒဋ္ဌိကရဏမရှိဟူသော အနက်သည် မရောက်သင့်။ (**ပဋိလောမပါပနာ**) ထိုသို့ မရောက်သင့်သောကြောင့် (**ရောပနာပါဒဟိတ်**) ထိုဒဋ္ဌိယဝါကျ၏ ဒဋ္ဌိကရဏဝါကျကိုလည်း ပြဆိုသင့်သေး၏။ (**အနုလောမရောပနာ**) ဒဋ္ဌိကရဏဝါကျကို မပြဆိုဘဲ မနေသင့်တန်။ (**ပဋိလောမရော့ပနာ**) မနေသင့်တန်ဘဲ နေခဲ့ပါက ဆရာ့အပေါ်၌ ဒဋ္ဌိယ+ဒဋ္ဌိကရဏဆန့်ကျင်သော ဝိရောဓိဒေါသ၊ ဝါကျမပြည့်စုံခြင်းတည်းဟူသော အပရိပုဏ္ဏဒေါသ၊ ဝါကျမနှံ့စပ်ခြင်းတည်းဟူသော အဗျာပိတဒေါသသင့်ရောက်ရသည်မဟုတ်လော။ (**ဒေါသာရောပန**) ဒဋ္ဌိကရဏဝါကျကား အဘယ်ပါနည်း။ (**စောဒ**) ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာတော်မူလိုသော ဓမ္မသင်္ဂဏီထာဆရာသည် ဝုတ္တဥ္စေတံ အစရှိသော (ခ) ဝါကျကို မိန့်။ (ဝါကျတက်)

အဓိပ္ပါယ်ကား -ဒဋ္ဌိယဝါကျ၏ ဒဋ္ဌိကရဏဝါကျကိုလည်း ငါပြဆိုသောကြောင့် သင်တင်သောဒေါသ ငါ၌မရောက် ကင်းစင်ပျောက်၏ ဟူလို။

အတက်+အထွက်အထူး

နိယံ။ ပဓာနပါဋ္ဌ၊ မျှော်ဆိုက်စပ်၊ ခေါ်မှတ် အတက်သာ။
ယင်းမှကစ်ဖန်၊ အပဓာန်၊ စပ်ပြန်အထွက်သာ။ (အမရပူရဆရာတော်)

နိယံ ရှင်းလင်ချက်

(၁) ပဓာနပါဋ္ဌကို မျှော်၍ ပုစ္ဆာစောဒနာပြုလုပ်သည်ကား အတက်ဖြစ်သည်။

(၂) ယင်းပဓာနပါဋ္ဌမှ အပဓာန ကာရက, အကာရကများသို့ ဆိုက်စပ်ပြသော ပုစ္ဆာ စောဒနာများသည်ကား အထွက်ဖြစ်သည်။ ဤသို့ အဇ္ဈာသယ်နှင့်အထွက်ထူးသည်။

(ခ) ဝါကျ ဝုတ်ံ-မှ ပါဌသေသကတ္တားသို့ သဒ္ဒါနည်း

ဌပနာအာဘောဂါဒိပဥ္စကစောဒနာ

ဆရာ၊ ဆရာသည် ဝုတ်ံ ဟူသော ကမ္မဝါစကကြိယာကို ဆိုတော်မူ၏။ (ဌပနာ) ယင်းသို့ ဆိုသည်ရှိသော် ကမ္မဝါစကကြိယာသည် အဝုတ္တကတ္တားနှင့်မကင်းကောင်း သည်မဟုတ်ပါလော။ (**အာဘောဂ**) ထိုသို့ မကင်းကောင်းသောကြောင့် (**အာဘောဂ ဟိတ်**) ဝုတ်ံ-ဖြင့် ကမ္မဝါစကကြိယာကိုသာ မဆိုသင့်။ (**ဌပနာပဋိက္ခေပ**) ယင်း ကမ္မဝါစကကြိယာ၏ အဝုတ္တကတ္တားကား အဘယ်ပါနည်း (**စောဒနာ**) ဤသို့ စောဒနာဘွယ်ရှိသောကြောင့် အာယသ္မတာ သာရိပုတ္တတ္ထေရေန-ပါဠိကို မိန့်။

အဓိပ္ပါယ်ကား - ဝုတ်ံ ဟူသော ကမ္မဝါစကကြိယာ၏ အဝုတ္တကတ္တားကား အာယသ္မတာ ဿာရိပုတ္တတ္ထေရေန ဖြစ်၏ ဟူလို။

ဝုတ်ံ-မှ အဝုတ္တပါဌသေသကတ္တားသို့ ဌပနာပါပနာဒိကျမ်းရိုး

စောဒနာထွက်

ဆရာ၊ (**အာလုပ်**) ဆရာသည် (**ကတ္တား**) ဝုတ်ံ-ဖြင့် ကမ္မဝါစကကြိယာကို ဆိုတော်မူ၏။ (**ဌပနာ**) ယင်းသို့ ပြဆိုသည်ရှိသော် (**ဒေါသာပေက္ခလက္ခဏာ**) ကမ္မဝါစကကြိယာသာရှိ၍ အဝုတ္တကတ္တား မရှိ ဟူသော အနက်သည် ရောက်၏။ (**အနုလောမပါပနာ**) ကမ္မဝါစကကြိယာသာ ရှိ၍ အဝုတ္တကတ္တား မရှိဟူသော အနက်သည် မရောက်သင့်။ (**ပဋိလောမပါပနာ**)

ထိုသို့ မရောက်သင့်သောကြောင့် အဝုတ္တကတ္တားပုဒ်ကိုလည်း ပြဆိုသင့်သေး၏။ (**အနုလောမရောပနာ**) အဝုတ္တကတ္တားပုဒ်ကို မပြဆိုဘဲ မနေသင့်တန်။ (ပဋိလောမရောပနာ) မသင့်တန်ဘဲ နေချေသော် ဆရာ့အပေါ်၌ ကတ္တားကြိယာ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာသည်မဟုတ်လော။ (**ဒေါသာရောပန**)

အဝုတ္တကတ္တားကား အဘယ်ပါနည်း။ (စောဒနာ) ဤသို့ စောဒနာဘွယ်ရှိသောကြောင့် အာယသ္မတာ သာရိပုတ္တတ္ထရေန-ပါဠိကို မိန့်။

အဓိပ္ပါယ်ကား - ဝုတ်ံ ဟူသော ကမ္မဝါစကကြိယာ၏ အဝုတ္တကတ္တားကို ပြဆိုသောကြောင့် သင်တင်တိုင်းသောဒါသ ငါ၌မရောက် ကင်းစင်ပျောက်၏ ဟူလို။

ရှေးနည်း ကျမ်းရိုးငါးချက်စောဒနာတက် - နိယ်

နိယ် (၁) မေးဖြေစ၍၊ မဆွေရှေ့ဖျား၊ သူစကားကို၊ ကိုင်ထားဌပနာ၊ ပြုပြီးကာမှ၊ ရောက်ရာဖြစ်စု၊ အနု-ပဋိ၊ ဖော်ဘိပါပန၊ တင်ပြရောပနာ၊ နောက်မှာလဒ္ဓ၊ ပြစ်ဒေါသသည်၊ စုဒ်ကြငါးဖြာ ကျမ်းရိုးတည်း။

အဓိပ္ပါယ်ပြန် - နိယ်

(၂) စောဒကာ၏၊ အာဘော်ဟိတ်ကို၊ မျော်ဆို နုဂ္ဂဟ၊ လက္ခဏာ အရုစိ၊ ထားတုံဘိမှ၊ မိမိလိုရာ၊ လျော်စွာဟိတ်နွယ်၊ ပရိဟာရနှင့်၊ တစ်သွယ်ကျတိရိက်၊ ဟိတ်ပရိဟာရ၊ ဂုဏ်လဒ္ဓသည်၊ ဖြေကြငါးဖြာ၊ ကျမ်းရိုးတည်း။

၁-နိယ် - ရှင်းလင်းချက်

(က) ပဌမ အမေးနှင့်အဖြေ ပြုလုပ်စေရမည်၊

(ခ) ဌပနာ ထားရမည်၊

(ဂ) အနုလောမပါပနာ၊

(ဃ) ပဋိလောမပါပနာ၊

(င) အနုလောမရောပနာ၊

(စ) ပဋိလောမရောပနာ၊

(ဆ) ဒေါသာရောပနာ (စောဒနာ)။

ဤအင်္ဂါတို့နှင့်ညီအောင် ကျမ်းရိုးငါးချက် စောဒနာတက်ရမည်။

၂ -နိယံ - ရှင်းလင်းချက်

(က) စောဒကဏ္ဍ အာဘော်ဟိတ်ကို အနုဂ္ဂဟပြုရမည်၊

(ခ) ယင်းအနုဂ္ဂဟကို လက္ခဏာ အရုစိ ထိုးရမသ်၊

(ဂ) မိမိအလိုရှိရာ အနွယဟိတ်ကို ပြရမည်၊

(ဃ) အနွယ ပရိဟာရကို ပြရမည်၊

(င) ဗျတိရေကဟိတ်ကို ပြရမည်၊

(စ) ဗျတိရေက ပရိဟာရကို ပြရမည်၊

(ဆ) လဒ္ဓဂုဏ်ကို ပြရမည်။

ဤအင်္ဂါတို့နှင့် ညီအောင် ကျမ်းရိုးငါးချက် အဓိပ္ပါယ်ပြန်ရမည်။

သေဋ္ဌ တိလောကမဟိတံ စသော ဂါထာကို မာန်လည်နိယံနှင့်အညီ ရွှေးနည်း ကျမ်းရိုးငါးချက် စောဒနာတက်

ရှင်မဟာကစ္စည်းဆရာ၊ ဆရာသည် ဤ သေဋ္ဌ တိလောကမဟိဟံ အစရှိသော ပါဠိတို့ကို အဘယ်အလို့ဌာ ဆိုသနည်း။ (အမေး) သန္ဓိကျမ်းကို ပြုအံ့သောဌာ ဆိုသတည်း။ (အဖြေ) (ဤကား - **ပဌမအမေးနှင့်အဖြေ** ပြုလုပ်ပုံတည်း။)

ရှင်မဟာကစ္စည်းဆရာ၊ ဆရာသည် သန္ဓိကျမ်းကို ပြုအံ့သောဌာ သေဋ္ဌ တိလောကမဟိတံ အစရှိသော ပါဠိတို့ကို ဆိုသောဟူ၍ ဆိုတော်မူ၏။ (**ဌပနာ**)

အကယ်၍ ထိုသို့ ဆိုခဲ့သည်ရှိသော် (**ဒေါသပေက္ခလက္ခဏာ**) အတ္ထော-အက္ခရသညာတော အစရှိသော ပါဠိတို့သည်ကား သန္ဓိကျမ်းမဟုတ်။ ဤသေဋ္ဌ တိလောကမဟိတံ အစရှိသောပါဠိတို့သည်သာ သန္ဓိကျမ်းဟုတ်၏ ဟူသော အနက်သည်ရောက်၏။ (**အနုလောမပါပနာ**) စင်စစ်တမူကား အတ္ထော အက္ခရသညာတော အစရှိသောပါဠိတို့သည်သာ သန္ဓိကျမ်းဟုတ်၏။ ဤ သေဋ္ဌ တိလောကမဟိတံ

အစရှိသောပါဠိတို့သည် သန္ဓိကျမ်းမဟုတ်။ (**ပဒီလောမပါပနာ**) မဟုတ်ဖြစ်သောကြောင့် (**ရောပနာပါဒကဟိတ်**) သန္ဓိကျမ်းကို ပြုအံ့သောဌာ အတ္ထော အစရှိသောပါဠိတို့ကို ဆိုသောဟု ဆိုတန်၏။ (**အနုလောမရောပနာ**) သန္ဓိကျမ်းကို ပြုအံ့သောဌါသေဠံ တိလောကမဟိတံ အစရှိသောပါဠိတို့ကို ဆိုသောဟူ၍ မဆိုတန်။ (**ပဒီလောမရောပနာ**) ထိုသို့ မဆိုတန်ဘဲ ဆိုချေသည်ရှိသော် ရှင်မဟာကစ္စည်းဆရာ၌ ပဒီညာတဗွ+ပဒီညာကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (**ဒေါသာရောပန**) ဤသို့ စောဒနာဖွယ်ရှိ၍ သေဠံ တိလောကမဟိတံ အစရှိသောပါဠိကို မိန့်။

အဓိပ္ပါယ်ကား - အို စောဒက စောဒကဆိုတိုင်း အတ္ထော အက္ခရသညာတော အစရှိသောပါဠိတို့သည်သာ သန္ဓိကျမ်းဟုတ်၏။ ဤ သေဠံ တိလောကမဟိတံ အစရှိသောပါဠိတို့သည် သန္ဓိကျမ်း မဟုတ်သည်ကား မှန်ပေ၏။ (**အနုဂ္ဂဟ**) ထိုသို့ မဟုတ်သည်မှန်သော်လည်း (**လက္ခဏာအရုစိ**) ရတနတ္တယပဏာမ စသည်ကို ပြခြင်းအကျိုးငှာ (ဝါ) ပြလိုသောကြောင့် (**အနွယဟိတ်**) ဤသေဠံ တိလောကမဟိတံ အစရှိသောပါဠိတို့ကို ငါဆိုသတည်း။ (**အနွယပရိဟာရ**) အတ္ထော အက္ခရသညာတော အစရှိသောပါဠိတို့သည်ကား သန္ဓိကျမ်းမဟုတ်။ ဤ သေဠံ တိလောကမဟိတံ အစရှိသောပါဠိတို့သည်သာ သန္ဓိကျမ်းဟုတ်သောကြောင့် (**ဗျတိရေကဟိတ်**) ဤသေဠံ တိလောကမဟိတံ အစရှိသောပါဠိတို့ကို ဆိုသည်မဟုတ်ပါ။ (**ဗျတိရေကပရိဟာရ**) မဟုတ်သောကြောင့် သင်တင်တိုင်းသော ဒေါသ ငါ၌မရောက် ကင်းစင်ပျောက်၏ ဟူလို။ (**လဒ္ဓဂုဏ်**)

ဤ အဋ္ဌသာလိနီ ပထမဂါထာသို့ ပါပနာဒီကျမ်းရိုးငါးချက် စောဒနာတက်

ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
ဉေယျမမွေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယတာရုစိ။ (ဋ္ဌ၊ ၁)

အရှင်ဗုဒ္ဓယောသ အဋ္ဌကထာဆရာ၊ ဆရာသည် ဤ ကရဏာ ဝိယ သတ္တော်သူ အစရှိသာ စကားကို အဘယ်ကို ပြုအံ့သောငှာ ဆိုသနည်း။ (ပုစ္ဆာ) အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ပြအံ့သောငှါ ဆိုသတည်း။ (ဝိဿဇ္ဇနာ)

ရှင်အဋ္ဌကထာဆရာ၊ ဆရာသည် အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာအဋ္ဌကထာကို ပြုအံ့သောငှါ ဤ ကရဏာ ဝိယ သတ္တော်သူ အစရှိသော စကားကို ဆိုသောဟူ၍ ဆိုတော်မူ၏။ (ဌပနာ)

အကယ်၍ ထိုသို့ ဆိုချေသော် (**ဒေါသပေက္ခလက္ခဏာ**) ကုဒါနိ ကုသလာဓမ္မာတိ အာဒိနံ မာတိကာပဒါနံ အယမနုပုဗ္ဗပဒဝဏ္ဏနာ (ဌ၊ ၈၀)· အစရှိသောပါဠိတို့ သည်လျှင် အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာမဟုတ်။ ကရဏာ ဝိယ သတ္တော်သူ အစရှိသောပါဠိတို့သည်လည်း အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ သာဟုတ်၏ ဟူသောအနက်သည် ရောက်၏။ (**အနုလောမပါပနာ**) ထိုသို့တမူကား မဟုတ်။ (**ပဋိလောမပါပနာ**) မဟုတ်ဖြစ်သောကြောင့် (**ရောပနာပါဒကဟိတ်**) အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ပြုအံ့သောငှါ ကုသလာ ဓမ္မာတိ အာဒိနံ အစရှိသောပါဠိကို ဆိုသောဟူ၍ကား ဆိုတန်၏။ (**အနုလောမရောပနာ**) အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ပြုအံ့သောငှါ ဤ ကရဏာ ဝိယ သတ္တော်သူ အစရှိသောပါဠိတို့ကို ဆိုသောဟူ၍ကား မဆိုတန်။ (**ပဋိလောမရောပနာ**)။

မဆိုတန်ဘဲ ဆိုချေသော် ဆရာ၌ ပဋိညာတဗွ+ပဋိညာကရဏ၊ ယထာဝါဒိ+တထာကာရီ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာ ဘွယ်ရှိသောကြောင့် ကရဏာ ဝိယ အစရှိသော ပါဠိတို့ကို မိန့်။

အဓိပ္ပါယ်ကား = ထိုသို့ စောဒကဆရာဆိုတိုင်း ကုဒါနိ ကုသလာ ဓမ္မာတိ အာဒိနံ အစရှိသောပါဠိတို့သည်သာလျှင် အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ ဟုတ်လျက် အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာကို ပြုအံ့သောငှါ ကရဏာ

ဝိယ သတ္တောသု အစရှိသောပါဠိတို့ကို ဆိုသောဟူ၍ ငါဆိုသည်ကား အဘိဓမ္မာ၏ ဝစနတ္ထကို ပြအံ့သောငှါ ငါဆိုသတည်း။

ထိုသို့ ဖြစ်သောကြောင့် စောဒကဆိုတိုင်း ဣဒါနိ ကုသလာ ဓမ္မာတိ အာဒိနံ အစရှိသောပါဠိတို့သည်သာလျှင် အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာမဟုတ်။ ဤ ကရုဏာ ဝိယ သတ္တောသု အစရှိသောပါဠိတို့သည်လည်း အဘိဓမ္မာ၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ ဖြစ်ကောင်းသောကြောင့် ငါဆိုသည်မဟုတ်။ မဟုတ်ဖြစ်သောကြောင့် ပဋိညာတဗ္ဗ+ပဋိညာကရဏာ၊ ယထာဝါဒိ+တထာကာရီ ဆန့်ကျင့်သော ဝိရောဓိဒေါသ ငါဠှမရောက် ကင်းစင်ပျောက်၏ ဟူလို။

[သခ်ၤပ, ဝိတ္ထာရ, အနုသန္ဓေဝါကျများ၌ ရှေးနည်း ကျမ်းရိုးငါးချက် တက်နိုင်သည်။]

နံပါတ် (၂) ဆိုင်ရာစည်းမျဉ်း ပြီး၏။

* * * * *

နံပါတ် (၃) ဆိုင်ရာစည်းမျဉ်း

ဂန္ထဒေါသပယ်ပုံ - နိယံများ

(၁) ပက္ခန္တရ၊ ယင်းဝါကျ၊ အဗျာပိတတင်။ (အဖြေသိသာ၏)

(၂) ဥပနျာသ၊ အာရဗ္ဘ၊ တင်ကြအဗျာပင်။

ရှင်း။ ဥပနျာသဝါကျ၊ ဝါကျာရမ္ဘဝါကျဖြင့် အဗျာပိတ၊ အပရိပုဏ္ဏာဒေါသကို ပယ်။

(၃) အနုသန္ဓိယ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်။

ရှင်း။ အနုသန္ဓေဝါကျဖြင့် ပုနရုတ္တိဒေါသတင်၊ ပုနရုတ္တိဒေါသ ပယ်။

(၄) ဝိတ္ထာသံခိပ်၊ ဥဒ်-နိဒ်-နိဂမ၊ စုဏ္ဏိယ၊ ပုနရုတ္တိတင်။

ရှင်း။ ဝိတ္ထာရ၊ သခေ်ပ၊ ဥဒ္ဒေသ၊ နိဒ္ဒေသ၊ နိဂမ ဝါကျတို့ဖြင့် ပုနရုတ္တိဒေါသ တင်-(ပယ်) ဟု ပြ။

(၅) လဒ္ဓဂုဏာ၊ ယင်းဝါကျ၊ နိရတ္ထကတင်။

ရှင်း။ လဒ္ဓဂုဏာဝါကျဖြင့် နိရတ္ထကဒေါသတင် - ပယ်။

(၆) လဒ္ဓဂုဏာ၊ ပြလက၊ နိရတ္ထကတင်။ (အဓိပ္ပါယ်တူ)

(၇) အတ္ထာဒ္ဓါရ၊ ဟူတုံက၊ နိရတ္ထကတင်။

ရှင်း။ အတ္ထာဒ္ဓါရဝါကျဖြင့် နိရတ္ထကဒေါသတင် - ပယ်။

(၈) ဝါကျဒဋ္ဌိ၊ ဝိရောဓိ၊ သတိမြဲမြဲယှဉ်။

ရှင်း။ ဒဋ္ဌိကရဏဝါကျဖြင့် ဝိရောဓိဒေါသပယ်။

(၉) အတ္ထဒ္ဒေသ၊ ဟူတုံက၊ ယူကြထိုနည်းပင်။

ရှင်း။ နံပါတ် (၇)နှင့်အတူ နိရတ္ထကဒေါသတင် - ပယ်။

(၁၀) အတိဗျာပိ၊ တင်တုံဘိ၊ မှတ်ဘိတစ်နည်းပင်။

ရှင်း။ အတ္ထာ သဝါကျဖြင့် အတိဗျာပိတဒေါသကို ပင်။

(၁၁) နောက်သမုစ္စယ၊ ကျမ်းဌိပြ၊ ဧဝ အာဘော်ဆင်။

ရှင်း။ နောက်ဝါကျဌိသာလျှင် ဧဝနှင့် အဖြေပြလျှင် လဲဘဲဟု အာဘော်ထားရသည်။

(၁၂) ပုဗ္ဗေ ဌာန၊ ရှေ့ဝါကျ၊ အဗျာပိတတင်။

ရှင်း။ သမုစ္စယတ္ထ၊ အဖြေပြသောဝါကျဖြင့် အဗျာပိတဒေါသကို ပယ်သည်ဟု မှတ်။

(၁၃) ဝါကျပစ္ဆာ၊ ဧဝပါ၊ စ-မှာ အာဘော်ပင်။

ရှင်း။ နောက်ဝါကျဌိသာလျှင် ဧဝနှင့် အဖြေပြလျှင် လဲဘဲဟု အာဘော်ထားရသည်။

(၁၄) အတိဗျာပိ၊ တင်ဘုံဘိ၊ ရှေးရှိဝါကျတွင်၊

ရှင်း။ ဧဝ ပါသောဝါကျဖြင့် ရှေးဝါကျဌိ အတိဗျာပိတဒေါသကို ပယ်သည်ဟု မှတ်ရမည်။

(၁၅) ဝိတ္ထာ-သံခိပ်၊ ဥဒ်-နိဒ်-နိဂမ၊ ပါဂဋ္ဌ၊ ဒေါသဝိရောတင်။

ဝါ - အထဝါ - အပိစ - စသည်ထားပုံ - နိယံများ

(၁) ကြောင်းကျိုးနှစ်ခု၊ တစ်ခုခု၊ လဲမှု ဝါ-ထဝါ။ (တောင်းတွင်း၊ ၁၁၂)

(၂) ကြောင်းကျိုးနှစ်ပါး၊ လဲလိုငြား၊ ထားကြ ဝါ-ထဝါ။ (တောင်တွင်း၊ ၁၁၃)

(၃) အနက်သဒ္ဒါ၊ မပါကြွင်းကျန်၊ ဆိုလတ်ပြန်ရာ ဝါ ထဝါ။ (တွင်းကြီး၊ ၁၂၄)

ရှင်း။ အနက်အကြွင်းအကျန်၊ သဒ္ဒါအကြွင်းအကျန် ရှိနေ၍ အနက်သဒ္ဒါအကြွင်းအကျန်ကို ပြလိုသောကြောင့် ဝါ၊ အထဝါ ထားသည်။

(၄) ရှေးဌ မိပွါယ်၊ ကျယ်၍ ခံုးရာ၊ ဝါ-ထဝါ။ (တွင်းကြီး၊ ၁၂၅)

ရှင်း။ အကျယ်ကို အကျဉ်းခံုး၍ ပြလိုသောကြောင့် ဝါ-အထဝါ ထားသည်။

(၅) ရှေးဌဆိုလတ်၊ စကားထပ်၍၊ ထူးဂုပ်ဆိုရာ၊ ဝါ-ထဝါ။ (တွင်းကြီး၊ ၁၂၆)

ရှင်း။ အထူးကို ပြလိုသောကြောင့် ဝါ-အထဝါ ထားသည်။

(၆) အထဝါကား၊ အကြောင်းတူ၊ အကျိုးမူကာအပြား။
အကျိုးတူ၊ အကြောင်းမူကား အပြား။ (ရှင်တိပိဋကနာဂနိယံ၊ ၆၂)

ရှင်း။ အကျိုးတူ၍ အကြောင်းကွဲပြားသည်ကို လဲလှယ်လိုသောကြောင့်၎င်း၊ အကြောင်းတူ၍ အကျိုးကွဲပြားသည်ကို လဲလှယ်ပြလိုသောကြောင့်၎င်း အထ ဝါ-သဒ္ဒါ ထားပါသည်။

(၇) အပိစ, အပရော၊ နယော တက်သောဝါကျ၊ ရှေ့အတ္ထမှ၊ ထူးထအနက်၊ ဆိုလျက်တက်။ (တွင်းကြီး၊ ၆၀)

ရှင်း။ အနက်ထူး-အနက်တစ်မျိုး လဲလှယ်လိုသောကြောင့် အပိစ၊ အပရော နယော ထားပါသည်။

(၈) အပိစခေါ၊ နည်းသစ်နှောက၊ ရှေ့မှမိပ္ပါ၊ ဝိသေသာ။ (တွင်းကြီး၊ ၆၁)

ရှင်း။ ရှေ့အဓိပ္ပါယ်အနက်မှ အဓိပ္ပါယ်အနက်အထူးတစ်မျိုးကို ပြလိုလဲလှယ်လို သောကြောင့် အပိစခေါ ထားကြသည်။

(၉) အပရော နယော၊ အတ္တနော မတိ၊ မှတ်သားဘိ။ (တွင်းကြီး၊ ၁၄၀)

ရှင်း။ မိမိအယူဝါဒကို ပြလိုသောကြောင့် အပရော နယော ထားပါသည်။

နံပါတ် (၃) ဆိုင်ရာစည်းမျဉ်း ပြီး၏။

* * * * *

နံပါတ် (၄) ဆိုင်ရာစည်းမျဉ်း

ဗျပ္ပတျာဒိစတုက္က ခွဲရာ၌ -

(၁) ဘေဒစိန္တာဒီပနီနည်း၊

(၂) အဘိဓာန်ဋီကာနည်း ဟု (၂) မျိုး ရှိသည်။

ထိုတွင် -

<u>ဂစ္ဆတီတိ</u> ရညော <u>ပုရိသောတိ</u> ဟတ္ထော <u>အဿတ္ထီတိ</u> ဒဏ္ဍော <u>အဿတ္ထီတိ</u>
အာဒကာယ <u>ဗျပ္ပတ္ထယာ</u> အပေက္ခတ ဂမန သမ္ဗန္ဓာဒက ဗျပ္ပတ္တနမတ္တ။

(ဘေဒစိန္တာဒီပနီ၊ ၁၆၂)

ဤဘေဒစိန္တာဒီပနီ၌

(၁) ဂစ္ဆတီတိ၊ ရညော ပုရိသောတိ၊ ဟတ္ထော အဿ အတ္ထီတိ၊ ဒဏ္ဍော အဿ အတ္ထီတိ စသော ကိတ်ဝိဂြိုဟ်၊ သမာသ်ဝိဂြိုဟ်၊ တဒ္ဓိတ်ဝိဂြိုဟ် များသည် ဗျပ္ပတ္တိမည်သည်ဟု ပြသည်။

(၂) ဗျပ္ပတ်ကို ငဲ့သော သွားခြင်းစသော ကြိယာ၊ သမာသ်ပုဒ်တို့ ငဲ့သောသမ္ဗန်၊ တဒ္ဓိတ်ပုဒ်နှင့်ပစ္စည်းတို့ ငဲ့သောသမ္ဗန်သည် ဗျပ္ပတ္တိနိမိတ် မည်သည်ဟု ပြသည်။

ထို့ကြောင့်

(၁) ဝိဂြိုဟ် ဝစနတ်၊ ပြုတုံလတ်၊ ဗျပ္ပတ်မျှော်လေသင့်။ (တောင်တွင်း ၁၄၂)

(၂) သဒ္ဒါဟူက၊ မကင်းရ၊ ပဝတ္တိနိမိတ်နှင့်။ (တောင်တွင်း၊ ၁၄၃)
(၃) ဗျူပ္ပတ္တိမှာ၊ အရရှာ၊ ကြိယာဖြစ်လေသင့်။ (တောင်တွင်း၊ ၁၄၄)
(၄) ဇာတျာဒျတ္ထ၊ ပဥ္စက၊ ပဝတ္တနိမိတ်ချင့်။ (တောင်တွင်း၊ ၁၄၅)
(၅) အစိတ်ကြောင်းချာ၊ ကြိယာ၊ မှန်စွာဗျူပ္ပတ္တိ။ (တောင်တွင်း၊ ၁၄၆)
(၆) အပေါင်းကြောင်းချာ၊ ကြိယာ၊ သညာပဝတ္တိ။ (တောင်တွင်း၊ ၁၄၇)

အမှာ။ ဤနိယံများတွင် (၃) နိယံ၌ ဗျူပ္ပတ္တိကို ဗျူပ္ပတ္တိနိမိတ်ဟု မှတ်ရမည်။
နံပါတ် (၃) နိယံ၏အဖြေကို ကြိယာကို ဗျူပ္ပတ္တိနိမိတ်ထုတ်ဟု ပြသည်။
[ဥပလက္ခဏနည်းဖြင့် ပြတော်မူသည်။]

ကျက်ထားရန်

နိယံ။ ဝိဂြိုဟ်ဝါကျ၊ ဟူသမျှ၊ မှတ်ကြဗျူပ္ပတ္တိ။
ကြိယာသမဒန်၊ ဤနှစ်တန်၊ မှတ်ရန်ဗျူပ္ပတ္တိနိမိတ်။

ရှင်း။ (၁) ဝိဂြိုဟ်ဝါကျကို ဗျူပ္ပတ္တိထုတ်၊
(၂) ကြိယာ (သို့မဟုတ်) သမဒန်ကို ဗျူပ္ပတ္တိနိမိတ်ထုတ်ပါ။

နိယံ။ ဗျူပ္ပတ္တိယ၊ ပရမတ္ထ၊ သဒ္ဒယူအပ်စွာ။
ဗျူပ္ပတ္တိ၏၊ နိမိတ္တိ၊ ပကတိပစ္စည်းမျာ။
ပဝတ္တိနှစ်ဖြာ၊ တူလေရာ၊ ဒီနှင့်အာဘိမှာ။

တောင်တွင်း နံပါတ် (၄) နိယံဖြင့်
ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်, နာမ်-ငါးပါးကို ပဝတ္တိနိမိတ် ထုတ်ပြသည်။

နံပါတ် (၅-၆)တို့၌ -
မှန်စွာ ဗျူပ္ပတ္တိနိမိတ်၊ သညာပဝတ္တိနိမိတ်ဟု နိမိတ်ထည့်၍ မှတ်ရမည်။

အဋ္ဌသာလိနီပို့ချစဉ်ကျမ်း

* ကြီယာသဒ္ဒါ၌ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြီယာသည် ဗျူပ္ပတ္တိနိမိတ်။
* အပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြီယာသည် ဗျူပ္ပတ္တိနိမိတ်။

ဘေဒစိန္တာဒီပနီဝါဒနှင့် တောင်တွင်းနိယ်များအရ ဗျူပ္ပတ္တာဒိစတုက္ကထုတ်ပုံ

(၁) ဝိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိ၊

(၂) ဗျူပ္ပတ္တိကို ငဲ့သော ဗျူပ္ပတ္တိ၏အကြောင်းဖြစ်သော -

(က) ကိတ်ဝစနတ္ထအရာ၌ . . . သွားခြင်း, ချက်ခြင်းစသောကြီယာသည် ဗျူပ္ပတ္တိနိမိတ်။

(ခ) သမာသ်, တဒ္ဓိတ်ဝစနတ္ထအရာ၌ သမ္ဗန်သဒိသဘောသည် ဗျူပ္ပတ္တိနိမိတ်။

(၃) ပုဒ်ပြိုးနိပ္ပန္နသဒ္ဒါသည် ပဝတ္တိ။

(၄) ထိုပဝတ္တိ၏အကြောင်းဖြစ်သော ဇာတ်, ဂုဏ်, ကြီယာ, ဒြဗ်, နာမ် ငါးပါး အပေါင်းသည် ပဝတ္တိနိမိတ်ဟု ထုတ်။

(တစ်နည်း) အဘိဓာန်ဋီကာနှင့်ရွှေရေးဆောင်နိယ်များအလို ဗျူပ္ပတ္တာဒိစတုက္ကခွဲပုံ

တကြ ပိသေသေဟိ ကြီယာပကတိပစ္စယာဒီဟိ ဥပ္ပဇ္ဇတီတိ ဗျူပ္ပတ္တိ။ ဂေါအာဒိသဒ္ဒသရူပံ၊ တဿာ နိမိတ္တံ ဗျူပ္ပတ္တိနိမိတ္တံ။

ကြိယာပကတိပစ္စယာဒယော . . . ပဝတ္တယတိ တတ္ထ တတ္ထ အတ္ထေ ပယောဇယတီတိ ပဝတ္တိ။ ဂေါအာဒိကော သဒ္ဒေါ၊ တဿာ နိမိတ္တံ ပဝတ္တိနိမိတ္တံ။ [ဇာတိကြိယာဂုဏဒဗ္ဗနာမာနိ။]

တတြ ဗ။ပ္ပတ္တိနိမိတ္တံ သဒ္ဒသရူပုပ္ပတ္တိယာ ကာရဏံ၊ ပဝတ္တိနိမိတ္တံ ပန သဒ္ဒ-ပယောဇနဿ ကာရဏန္တိ အယမေတေသံ သခ်ေပတော လက္ခဏဝိသေသော။

(ဓာန်၊ ဋီ၊ ၄၃၆)

မှတ်ချက်။ ဤအဘိဓာန်ဋီကာ၌ ပကတိပစ္စယာဒိဟိ-ဝယ် ပုဒ်နှင့်ဓာတ်ကို ပကတ်ဟု ခေါ်သည်။ ဂေါအာဒိသဒ္ဒရူပံ-ပါဠိဖြင့် ဗျုပ္ပတ္တိကို ပြ၏။

(၁) ဂေါစသော ဝစီဘေဒ ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

(၂) ကြိယာ၊ ဓာတ်၊ ပစ္စည်း စသည် ဗျုပ္ပတ္တိနိမိတ်။

(၃) အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ဇာတ်၊ ဂုဏ်၊ ကြိယာ၊ ဒြဗ်၊ နာမ် - ငါးပါးသည် ပဝတ္တိနိမိတ်။

အဘိဓာန်ဋီကာဝါဒနှင့်အညီ ရွှေရေးဆောင်ဂါထာ

ပရမတ္ထောဝ ဗျုပ္ပတ္တိ၊ တံနိမိတ္တံ တု ဓာတွာဒိ။
ပဝတ္တိ ဟောတိ ပညတ္တိ၊ တံနိမိတ္တံ့ ဘု ဇာတျာဒိ။ (ရွှေရေးဆောင်)

အနက်။ ပရမတ္ထောဝ၊ အစိတ်အစိတ် ရွတ်ဆိုအပ်သော ပရမတ္ထသဒ္ဒါသည်သာလျှင်။ ဗျုပ္ပတ္တိ၊ ဗျုပ္ပတ္တိမည်၏။ တု၊ ထိုမှတစ်ပါး။ ဓာတွာဒိ၊ ဓာတ်, ပစ္စည်း, ကြိယာအစရှိသည်သည်။ တံနိမိတ္တံ၊ ထိုဗျုပ္ပတ္တိ၏အကြောင်း (ဗျုပ္ပတ္တိနိမိတ်)သည် ဟောတိ၊ ၏။

တု၊ ထိုမှတစ်ပါး။ ပညတ္တိ၊ အတ္ထဝါစက နာမပညတ်သည်။ ပဝတ္တိ၊ ပဝတ္တိမည်သည်။ ဟောတိ၊ ဖြစ်၏။ တု၊ ထိုမှတစ်ပါး။ ဇာတျာဒိ၊ ဇာတ်အစရှိသည်သည်။ တံနိမိတ္တံ၊ ထိုပဝတ္တိ၏အကြောင်း (ပဝတ္တိနိမိတ်)သည်။ ဟောတိ၊ ဖြစ်၏။

နိယံ။ (၁) ဗျူပ္ပတ္တိယ၊ ပရမတ္ထ၊ သဒ္ဒယူအပ်စွာ။ (ရွှေ၊ ၄၇၄)

(၂) ဗျူပ္ပတ္တိ၏၊ နိမိတ်သိ၊ ပကတိပစ္စည်းမှာ။ (ရွှေ၊ ၄၇၅)

(၃) ပဝတ္တိရှိ၊ ပညတ္တိ၊ ယူဘိသဒ္ဒမှာ။ (ရွှေ၊ ၄၇၆)

(၄) ပဝတ္တိ၏၊ နိမိတ်ရှိ၊ ဇာတိပဋ္ဌကာ။ (ရွှေ၊ ၄၇၇)

နိယ - ရှင်းလင်းချက်

(၁) ပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။

(၂) ကြိယာ၊ ဓာတ်၊ ပစ္စည်းစသည်တို့သည် ဗျူပ္ပတ္တိနိမိတ်။

(၃) အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ဇာတ်၊ ဂုဏ်၊ ကြိယာ၊ ဒြပ်၊ နာမ် - ငါးပါးအပေါင်းသည် ပဝတ္တိနိမိတ်။

မှတ်ချက်။ ။ဘေဒစိန္တာဒီပနီနှင့် အဘိဓာန်ဋီကာတို့သည် ဗျူပ္ပတ္တိ+ဗျူပ္ပတ္တိနိမိတ် (၂) မျိုးသာ ကွဲပြားသည်။

ပုံစံ။ ပစတီတိ ပါစကော။ (ကိတ်ဝစနတ္ထ)

ဘေဒစိန္တာဒီပနီနည်း

(၁) ပစတီတိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိ။

(၂) ချက်ခြင်းကြိယာသည် ဗျူပ္ပတ္တိနိမိတ်။

(၃) ပါစကော ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ။
(၄) ချက်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

အဘိဓာန်ဋီကာနည်း

(၁) ပါ-ဟူသော, စ-ဟူသော, ကော-ဟူသော တစ်လုံးတစ်လုံးသော အက္ခရာဟူ ဆိုအပ်သော ပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။
(၂) ချက်ခြင်းကြိယာ - ပစ-ဓာတ်၊ ဏွု-ပစ္စည်းတို့သည် ဗျူပ္ပတ္တိနိမိတ်။
(၃) ဒကာ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။
(၄) ချက်ခြင်းကြိယာသည်၊ (တစ်နည်း) ထမင်းချက်သမားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟူ ဆိုအပ်သော ဇာတသည် ပဝတ္တာနမတာ။

ပုံစံ။ ဝသိဌသ အပစ္စံ ဝါသိဋ္ဌော။ (တဒ္ဓိတ်ဝစနတ္ထ)

ဘေဒစိန္တာဒီပနီနည်း

(၁) ဝသိဌသ အပစ္စံ-ဟူသော ပိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိ။
(၂) ဝသိဌ၏ သားဒြပ်နှင့် ဇနက+ဇညအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျူပ္ပတ္တိနိမိတ်။
(၃) ဝါသိဋ္ဌော-ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ။
(၄) ဝါသိဋ္ဌမည်သော သူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟူ ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အဘိဓာန်ဋီကာနည်း

(၁) ဝါ-ဟူသော၊ သိတ်-ဟူသော၊ ဋ္ဌော-ဟူသော တစ်လုံးတစ်လုံးသော အက္ခရာဟူ ဆိုအပ်သော ပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။

(၂) ဝသိဋ္ဌ-ပုဒ်, ဏာ-ပစ္စည်းတို့သည်၎င်း၊ ဝသိဋ္ဌ၏ သားဖြစ်နှင့် ဇနက+ဇည အဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်၎င်း ဗျူပ္ပတ္တိနိမိတ်။

(၃) ဝါသိဋ္ဌော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ဝါသိဋ္ဌမည်သော သူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပုံစံ။ မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော။ (သမာသ်ဝစနတ္ထ)

ဘေဒစိန္တာဒီပနီနည်း

(၁) မဟန္တော စ သော ပုရိသော စာတိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိ။

(၂) ကြီးမြတ်သောဂုဏ်၏ ယောကျ်ားဖြစ်နှင့် ဂုဏ်+ဂုဏေားအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဗျူပ္ပတ္တိနိမိတ်။

(၃) မဟာပုရိသော ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

(၄) ကြီးမြတ်သော ယောကျ်ားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အဘိဓာန်ဋီကာနည်း

(၁) မ-ဟူသော၊ ဟာ-ဟူသော၊ ပု-ဟူသော၊ ရိ-ဟူသော၊ သော-ဟူသော ကစ်လုံးတစ်လုံးသော အက္ခရာဟု ဆိုအပ်သော ပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။

(၂) မဟန္တ-ပုဒ်, စ-ပုဒ်, တ-ပုဒ်, ပုရိသ-ပုဒ်, စ-ပုဒ်တို့သည်၎င်း၊ ကြီးမြတ်သောဂုဏ်၏ ယောကျ်ားဖြစ်နှင့် ဂုဏ်+ဂုဏေားအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည်၎င်း ဗျူပ္ပတ္တိနိမိတ်။

(၃) မဟာပုရိသော-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ·မြတ်သော ယောကျ်ားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

ပရမတ္ထသဒ္ဒါ + ပညတ္တိသဒ္ဒါ ခဲ့ပုံ

သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

အဓိပ္ပါယ်။ ပစ္စုပ္ပန် သဒ္ဒါရုံကို ပဌမဝီထိ။
အတိတ်သဒ္ဒါရုံကို ဒုတိယဝီထိ။
အမည်ကို တတိယဝီထိ။
အနက်ကို စတုတ္ထဝီထိ ဟု မှတ်ရမည်။

* **ရှင်းလင်းချက်အကျယ်**

<u>အကွာရာတစ်လုံးရှိသော ဂေါ-ပြယုဂ်ပုစ္ဆာ -</u>

ပထမဝီထိ၊ ဒုတိယဝီထိ၏ အာရုံဖြစ်သော ဂေါ-သဒ္ဒါသည် **ပရမတ္ထ** သဒ္ဒါမည်၏။ (အဘိဓာန်ဋီကာနည်းအရ **ဗျပ္ပတ္တိ**)

တတိယဝီထိ၏ အာရုံဖြစ်သော ဂေါ-သဒ္ဒါသည် နာမပညတ္တိသဒ္ဒါ မည်၏။ (**ပဝတ္တိ**-ဟု ခဲ့)

<u>အကွာရာနှစ်လုံးရှိသော အသော-ပြယုဂ်ပုစ္ဆာ -</u>

ပထမဝီထိ, ဒုတိယဝီထိ၏ အာရုံဖြစ်သော **အသ်**-ဟူသောသဒ္ဒါ၊ တတိယဝီထိ, စတုတ္ထဝီထိ၏အာရုံဖြစ်သော **သော**-ဟူသော သဒ္ဒါသည် **ပရမတ္ထ** သဒ္ဒါမည်၏။

ပဉ္စမဝီထိ၏အာရုံဖြစ်သော **အသော**-ဟူသော သဒ္ဒါသည် **နာမပညတ္တိ** သဒ္ဒါ မည်၏။

<u>အက္ခရာသုံးလုံးရှိသော ပုရိသော-ပြယုဂ်ပုံစံဌ် -</u>

ပထမဝိထိ, ဒုတိယဝိထိ၏ အာရုံဖြစ်သော ပု-ဟူသောသဒ္ဒါ၊ တတိယဝိထိ, စတုတ္ထဝိထိ၏ အာရုံဖြစ်သော ရိ-ဟူသောသဒ္ဒါ၊ ပဉ္စမဝိထိ, ဆဋ္ဌမဝိထိ၏ အာရုံဖြစ်သော **သော**-ဟူသော သဒ္ဒါတို့သည် **ပရမတ္ထ** သဒ္ဒါမည်၏။

သတ္တမဝိထိ၏အာရုံဖြစ်သော **ပုရိသော**-ဟူသော သဒ္ဒါသည် **နာမပညတ္တိ** သဒ္ဒါမည်၏။

ဤသို့ ပရမတ္ထသဒ္ဒါ၊ ပညတ္တိသဒ္ဒါ ခွဲထားပြီး အဘိဓာန်ဋီကာနည်းအလို ဗျုပ္ပတ္တာဒိစတုက္က ထုတ်ရသည်။

နံပါတ် (၄) ဆိုင်ရာစည်းမျဉ်း ပြီး၏။

* * * * *

နံပါတ် (၅) ဆိုင်ရာစည်းမျဉ်း

လိင်, ဂဏာ, ကာရန်, ပဒ ခွဲပုံ - နိယံ

ဆောင်။ လိင်, ဂဏာ, ဝိမုတ္တာ၊ အန္တပဒ၊ ဤငါးဝ၊ ခွဲပြ ငါးနံပါတ်။

(၁) ဂဏာ ၇-ရာ၊ ဝိမုတ်မပါ၊ ဝိမုတ် ၇-ရာ၊ ဂဏာမပါ၊ မှတ်ပါမြဲသေချာ။

(၂) ဥပသာရ၊ နိပါတ၊ ဂဏာဝိမုတ်သာ။

(၃) နာမ်, အာချာတ်ပုဒ်၊ ဂဏာထုတ်၊ မယုတ်မှတ်လေပါ။

(၄) <u>တဝေ တုံ တုန၊ တွာနန္ဒုင်္တွာ</u>၊ ပစ္စယန္တ၊ ခွဲပြနိပါတ။

(၅) တထာ စသား၊ အဗျယတဒ္ဓိတ်များ၊ ခွဲ[illegible]းနိပါတ။

(၆) နာမ်ပဋ္ဌပိုင်းလာ၊ တွာဒိပစ္စယန္တာ၊ ခွဲပါ နိပါတာ။

(၇) အာချာတ် ဥပသာ၊ နိပါတာ၊ မြစွာ အ-လိင်သာ။

(၈) နာမ်ပုဒ်များစွာ၊ လိင်-ဂဏာ၊ မြစွာ ရသည်သာ။

(၉) အာချာတ်ပုဒ်ကို၊ ကာရန်မလို၊ ထိုထိုများဆရာ။

(၁၀) သို့ပင်မဆို၊ ကာရန်ကို၊ ခွဲဆိုသင့်သည်သာ။

(၁၁) နာမ် ဥပသာ၊ နိပါတာ၊ ကာရန်ရသည်သာ။

(၁၂) အာချာတ်ပုဒ်ရှိ၊ <u>ဓာတ်, ပစ်, ဝိ</u>၊ မှတ်သိ အပိုထည့်ခွဲပါ။

မှတ်ချက်။ အာချာတ်ပုဒ်၌ <u>ဓာတ်၊ ပစ္စည်း၊ ဝိဘတ်</u> မှတ်စရာအပို ထည့်ပြောပါပြသည်။

(၁၃) သန္ဓိပုဒ်စပ်၊ ပုဒ်ကိုဖြတ်၊ ခွဲအပ်လိင်စသည်။

ရှင်း။ သန္ဓိပုဒ်စပ်ထားရန် ပုဒ်ဖြတ်၍ လိင်စသည်ခွဲ။

သဒ္ဒါမှာလိင် - အောက်ပါနိယံများဖြင့် လိင်စသည် ခွဲရန်

(၁) နှစ်-သုံး-လေးပါး၊ ကံကတ္တားနှင့်၊ ထားသည့်အရာ၊ ကြိယာမှာ၊ မှန်စွာ နောက်ဖျား၊ ကံကတ္တားနှင့်၊ တူငြားလိင်ဝုစ် အညီတည်း။ (ဘုရားကြီး၊ ၇၉)

(၂) ဝိသေသန၊ တစ်ခုမျှနှင့်၊ ဝိသေသျများစွာ၊ ထုတ်လေပါက၊ ဝိသေသနမှာ၊ တူမြဲရာသည်၊ ဦးစွာ ဝိသေသျ လိင်ဝုစ်တည်း။ (ဘုရားကြီး၊ ၈၀)

ရှင်း။ ဝိသေသနပုဒ်က တစ်ခုတည်း၊ ဝိသေသျပုဒ်က များစွာရှိနေသော် **ဝိသေသနပုဒ်၏**လိင်ကို ပထမဆုံး ဝိသေသျပုဒ်၏ လိင်အတိုင်း ဆုံးဖြတ်ယူရမည်။

(၃) အဗျာယီနှင့်၊ ဒိဂုဏမာသ်၊ နပုံလိင်ဟု၊ အမြဲမှတ်။ (ဘုရားကြီး၊ ၁၈၈)

ရှင်း။ အဗျာယီဘောသမာသ်ပုဒ်၊ ဒိဂုဏမာသ်ပုဒ်များကို နပုံလိင်ဟု မှတ်ပါ။

(၄) ကံ, တပ္ပုရိသ၊ ဒွန္ဒသမာသ်၊ နောက်ပုဒ်လိင်ဟု၊ အမြဲမှတ်။ (ဘုရားကြီး၊ ၁၈၉)

ရှင်း။ ကမ္မဓာရည်း၊ တပ္ပုရိသ်၊ ဒွန်သမာသ်များ၌ နောက်ပုဒ်ကို ကြည့်၍ လိင်ယူဆုံးဖြတ်ပါ။

(၅) အညပဒတ္ထ၊ သမာသမှာ၊ လိင်သခ်္ခါကို၊ မြစွာအဟုတ်၊ အညပုဒ်၏၊ လိင်ဝုစ်ယူလတ်၊ တူမြဲမှတ်။ (ဘုရားကြီး၊ ၁၉၁)

ရှင်း။ ဗဟုဗ္ဗီသမာသ်၌ အညပုဒ်၏လိင်ကို ကြည့်၍ လိင်ဆုံးဖြတ်ယူရမည်။

(၆) အဗျာယီဘာဝ၊ သမာသကား၊ နိစ္စကေန်၊ စင်စစ်မှန်၍၊ ပြုရန်ဝိဂြိုဟ်၊ မရှိဆို၏၊ ဝိဂြိုဟ်ဝါကျ၊ ပြုလိုကြမူ၊ တစ်ပါးကပုဒ်၊ ဆောင်ကာထုတ်၍၊ လုပ်လေဝိဂြိုဟ် ဝါကျတည်း။ (ဘုရားကြီး၊ ၁၉၂)

ရှင်း။ အဗျာယီဒဘာသမာသ် ဝိဂ္ဂဟပြုပုံကို ပြသည်။

(၇) ရှေးပုဒ်လိင်သာ၊ တသဒ္ဒါထားရာ၊ ကမ္မဓာရည်းသဘောတည်း။ (ဘုရားကြီး၊ ၁၉၄)

ရှင်း။ ကမ္မဓာရည်းဝိဂြိုဟ်ပြုရာ တ-သဒ္ဒါ လိင်ထားပုံကို ပြသည်။

(၈) အသမာဟာရ၊ ဒိဂုကျသော်၊ ဝုစ်ကားနှစ်ပါး၊ လိင်သုံးပါးပင်၊ နေငြားရှိကောင်းရာသတည်း။ (ဘုရားကြီး၊ ၁၉၇)

ရှင်း။ အသမာဟာရဒိဂုဌ် ဝုစ် (၂)ပါး၊ လိင် (၃)ပါးဟု ပြသည်။

(၉) ဏျ, တ္တ,နှင့် တ္တန ပေါင်းရုံး၊ သုံးပစ္စည်းမှာ၊ နပုံးသာ၊ တာမှာ ဣတ္ထိ၊ ကေန်မြဲသတည်း။ (ဘုရားကြီး၊ ၂၂၂)

ရှင်း။ ဏျ-ပစ္စည်းဆုံးသောပုဒ်၊ တ္တ-ပစ္စည်းဆုံးသောပုဒ်၊ တ္တန-ပစ္စည်းဆုံးသောပုဒ်များ၏လိင်ကို နပုံးလိင် မှတ်။ တာ-ပစ္စည်းဆုံးသောပုဒ်၏လိင် ကို ဣတ္ထိလိင်ဟု မှတ်။

(၁၀) ကိတ်ပစ္စယ၊ ဝါစက၊ ဝါစ္စလိင်ဝုစ်၊ ဟောမြဲတည်း။ (ဘုရားကြီး၊ ၂၃၄)

ရှင်း။ ကိတ်ပစ္စည်း၏လိင်သည် မိမိဟောရာပုဒ်၏ လိင်အတိုင်း ဖြစ်သည်။

(၁၁) ကိစ္စငါးချက်၊ ဘောဒ္ဓသက်မူ၊ နပုံးယူ၊ ကံဒ္ဓိမူကား၊ လိင်သုံးပါးနှင့်၊ ငြားလိမ့်စင်စစ်ကေန်တာည်း။ (ဘုရားကြီး ၂၃၅)

ရှင်း။ တဗွစသော ကိစ္စငါးပစ္စည်းဆုံးသောပုဒ်များတွင် ဘော်၌ သက်ခိုက် နပုံးလိင်၊ ကံ၌သက်ခိုက် လိင်သုံးပါး မှတ်ပါ။

(၁၂) ကတ္တားအနက်၊ သက်သည့်ယုမှာ၊ သုံးလိင်သာ၊ ကြွင်းခြောက်ဖြာမှာ၊ နပုံးများသတည်း။

ရှင်း။ ကတ္တားအနက်၌ သက်သော ယု-ပစ္စည်းဆုံးသည့်ပုဒ်များကို လိင် (၃)ပါး၊ ကြွင်းသာဓန (၆)ပါးဃက်သော ယု-ပစ္စည်းဆုံးသည့်ပုဒ်များကို နပုံလိင်အဖြစ်များသည်ဟု မှတ်ပါ။

(၁၃) ဘာဝအနက်၊ သက်သည့် တ-မှာ၊ နပုံးသာ၊ ကြွင်းခြောက်ဖြာမှာ၊ သုံးလိင်ဆန်သတည်း။ (ဘုရားကြီး၊ ၂၄၂)

ရှင်း။ ဘောအနက်၌ သက်သော တ-ပစ္စည်းဆုံးပုဒ်များကို နပုံးလိင်၊ ကြွင်းသာဓန (၆)ပါးသက်သော တ-ပစ္စည်းဆုံးပုဒ်များကို လိင် (၃)ပါးဟု မှတ်ယူပါ။

(၁၄) ကဝဏ္ဏန္တ၊ ဥဝဏ္ဏန္တ၊ ဂဟမှနောက်၊ ရောက်သည့်အမှာ၊ ပုလ္လိင်သာ။ (ဘုရားကြီး၊ ၂၅၀)

ရှင်း။ က္ခ၊ ဏ္ဍ၊ ဉ၊ ဦ ဆုံးသောပုဒ်များနှင့် ဂဟ-ဓာတ်နောက် အ-ပစ္စည်းဆုံးပုဒ်ကို ပုလ္လိင်ဟု မှတ်၊ ယေဘုယျနည်အားဖြင့် မှတ်။
[ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဂေဟံ၊ ဂဟံ စသည်လည်း ကြည့်။]

(၁၅) အ, က္က ပစ္စယ၊ ဒုတိယကောဝ၊ ဏ္ဍိသဘော၊ အဟော ပုလ္လိင်သာ။ (ဘုရားကြီး၊ ၂၅၁)

ရှင်း။ အပစ္စယန္တ ပုဒ်၊ က္ကပစ္စယန္တ ပုဒ်၊ ကစ္စည်း ဒုတိယပိုင်းလာ- ဏာဒယော တေကာလိကာ-သုတ်ဖြင့် သက်သည့် ဏာပစ္စယန္တ ပုဒ်များကို ပုလ္လိင်ဟောဟု မှတ်ပါ။

(၁၆) အ, က္က , က္ကဏ္ဍ၊ တျန္တ၊ ညွှန်ပြဓာတ်ကိုသာ။ (ဘုရားကြီး၊ ၂၅၂)
(၁၇) သိကို ပြုသော၊ အာနှင့် သြ၊ အဟော လိင်မြတ်ဖုံး။ (တလိုင်းကုန်း၊ ၄၀)

ရှင်း။ သိ-ကို အာပြု, သြပြု ရုပ်သည် ပုလ္လိင်ဟု မှတ်။

(၁၈) သိုံ ပြီးသည့်အံ၊ နပုံးမှန်၊ ဂစ္ဆန် ပုံး+ နပုံး။ (တလိုင်းကုန်း၊ ၄၁)

ရှင်း။ သိုံ-သုတ်ဖြင့် စီရင်သောရုပ်သည် နပုံးလိင်နှင့် ဂစ္ဆန္တာဒိဂိုဏ်းရုပ်များသည် ပုလ္လိင်၊ ၊ ပုလ္လိင်ဟု မှတ်ပါ။

(၁၉) သတ္ထု၊ ဘ၊ သိကျော၊ နှစ်ဖြာထိနှင့် ပုံး။ (တလိုင်းကုန်း၊ ၄၂)

ရှင်း။ သတ္ထုပိတာဒိနမာ-သုတ်ဖြင့် သိကျောသောရုပ်များသည် က္ကတ္ထိလိင်၊ ပုလ္လိင်ဟု ၂-မျိုး မှတ်ပါ။

(၂၀) သေသတော-သုတ်၊ သိကျောလုပ်၊ မယုဝ် လိင်ပေါင်းသုံး။ (တလိုင်းကုန်း၊ ၄၃)

ရှင်း။ သေသတော လောပံ-သုတ်ဖြင့် သိကျောသောရုပ်များကို လိင် ၃-ပါးဟု မှတ်ပါ။

(၂၁) အာ, ဤ က္ကနီ၊ ပစ္စည်းမြို၊ တစ်လီ က္ကတ္ထိသုံး။ (တလိုင်းကုန်း၊ ၄၄)

ရှင်း။ အာ+ဤ+က္ကနီ ပစ္စည်းဆုံးသော ပုဒ်များကို က္ကတ္ထိလိင် မှတ်ယူပါ။

(၂၂) ကတ္တုဝါစက၊ ကာရက၊ မုချပုလ္လိင်မှတ်။ (တလိုင်းကုန်း၊ ၄၆)

ရှင်း။ ကာရကသဒ္ဒါ လိင် ၃-ပါးတွင် ကတ္တုဝါစကကာရကသဒ္ဒါကို ပုလ္လိင်ဟု မုချ မှတ်ပါ။

(၂၃) ကံ၊ ကရဏ၊ စသည့် ၂-ဖြာ၊ ဟောသောဓါ၊ သညာနပုံး မှတ်။
(တလိုင်းကုန်း၊ ၄၇)

ရှင်း။ ကံဟော ကာရကသဒ္ဒါ၊ ကရိဏ်းဟော စသော ကာရကသဒ္ဒါများကို နပုံလွှဲင်ဟု မှတ်ပါ။

(၂၄) တွ ဒ္ဒှစ်ဆင့် ပစ္စည်း၊ နပုံးတည်း၊ တာတစ်လုံးကား နာရီတည်း။
(ရှင်တိပိဋကနာဂနိယံ)

ရှင်း။ တဒ္ဓိတ် တွ-ဒ္ဒှစ်လုံး ပစ္စည်းဆုံးပုဒ် နပုလွှဲင်၊ တာပစ္စည်းဆုံးပုဒ်ကို ကွတ္ထိလိင်ဟု မှတ်ပါ။

(၂၅) ကောစိ ကာစိ၊ ကိဉ္စိသုံးပါး၊ ရှိလေငြားမူ၊ ယောက်ျား, မိန်းမ, နပုံးတည်း။
(ရှင်တိပိဋကနာဂ၊ ၇၅)

ရှင်း။ ကောစိ ပုလွှဲင်၊ ကာစိကို ကွတ္ထိလိင်၊ ကိဉ္စိကို နပုလွှဲင်ဟု မှတ်ပါ။

(၂၆) ယုပစ္စည်းဆုံး၊ ပုဒ်ရှိကျုံး၊ နပုံးများသဖြင့်။ (တောင်တွင်း၊ ၁၉)

ရှင်း။ ယု-ပစ္စည်းဆုံးသော ပုဒ်များကို နပုံလွှဲင်ဟု မှတ်။

နံပါတ် (၅) ဆိုင်ရာစည်းမျဉ်းပြီး၏။

* * * * *

နံပါတ် (၆) ဆိုင်ရာစည်းမျဉ်း

အာဘော်သံဝဏ္ဏနာများသည် ကျမ်းရင်း (၃) ကျမ်းတို့နှင့် တူပြီ။

* * * * *

နံပါတ် (၇) ဆိုင်ရာစည်းမျဉ်း

နိပါတ်၊ သဗ္ဗနာမ်စွဲအနက်များ

(၁) စပိသဒ္ဒါ၊ ဆည်းလေရာ၊ ကံမှာကံချင်း ကတ္တားချင်း။ (ဘုရားကြီး၊ ၉၁)

(၂) ဧဝံ သဒ္ဒါ၊ ကန့်လေရာလည်း၊ ကံမှာ ကံချင်း ကက္ကားချင်း။ (ဘုရားကြီး၊ ၉၂)

ရှင်း။ (၁) အဖြေ စသဒ္ဒါ၊ ပိသဒ္ဒါများသည် ကံအချင်းချင်း၊ ကတ္တားအချင်းချင်း။
(၂) ဧဝသဒ္ဒါသည် ကံကို ကံချင်း၊ ကတ္တားကို ကတ္တားချင်း ကန့်သည်မှတ်။

(၃) ဧဝသဒ္ဒါ၊ ရှိလေရာ၊ ရံခါ အနုညာတထုတ်မြဲ။ (ဘုရားကြီး၊ ၉၃)

ရှင်း။ (၃) ဒြပ်ဟောပုဒ်နောင် ဧဝ ထိုင်သော - <u>တိသော ဧဝ ဓနုဓရော ဟောတိ</u> ဤပြယုဂ်၌ - ဧဝ သဒ္ဒါသည် တိသော ဟူသော ဒြပ်ဟော ကတ္တားပုဒ်နောင် ထိုင်သည်။ ထို့ကြောင့်-

(က) ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗကား တိဿကတ္တား ဖြစ်သည်။
(ခ) နိဝတ္တေတဗ္ဗကား ဒတ္တစသော ကတ္တား ဖြစ်သည်။
(ဂ) အနုညာတတ္ထကား တိဿ၏လေးအတတ်မှ တစ်ပါးသော ဆင်စီး/မြင်းစီးအတတ် အစရှိသော ဂုဏ်ဖြစ်သည်။

(၄) နိဝတ္တေတဗ္ဗ၊ ဒြပ်ပြ၊ အနုညာတထုတ်မြဲ။ (ဘုရားကြီး၊ ၉၄)

ရှင်း။ နိဝတ္တေတဗ္ဗ ဒြပ်ထုတ်လျှင် အနုညာတ ဂုဏ်ထုတ်ပါ။

(၅) နိဝတ္တေတဗ္ဗ၊ ဂုဏ်ဖြစ်က၊ ဒဗ္ဗ အနုညာတထုတ်မြဲ။ (ဘုရားကြီး၊ ၉၅)

ရှင်း။ နိဝတ္တေတဗ္ဗ ဂုဏ်ထုတ်လျှင် အနုညာတ ဒြပ်ထုတ်။

(၆) နိဝတ္တေတဗ္ဗ၊ ကြိယာပြ၊ ဒဗ္ဗဂုဏ်ကို အနုညာတထုတ်မြဲ။ (ဘုရားကြီး၊ ၉၆)

ရှင်း။ နိဝတ္တေတဗ္ဗ ကြိယာထုတ်လျှင် ဒြပ်နှင့်ဂုဏ်ကို အနုညာတ ထုတ်ပါ။

(၃) နိယံအဆက် ရှင်းလင်းချက်

၂ = ဂုဏ်ဟောပုဒ်နှောင် ဧဝ ထိုင်သော ပြယုဂ်

ပုံစံ။ တိဿော ဓနုဓရော ဧဝ ဟောတိ-၌

ဧဝ သဒ္ဒါသည် ဓနုဓရော ဟူသော ဂုဏ်ပုဒ်နှောင် ထိုင်သောကြောင့်

(က) ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗကား တိဿ၏ လေးအတတ်ဟု ဆိုအပ်သော ဂုဏ်။
(ခ) နိဝတ္တေတဗ္ဗကား လေးအတတ်မှ တစ်ပါးသော ဆင်စီး၊ မြင်းစီး အတတ် စသော ဂုဏ်ဖြစ်သည်။
(ဂ) အနုညာတကား ဒတ္တအစရှိသော ဒြပ်တစ်ဖါး ဖြစ်သည်။

၃ = ကြီယာပုဒ်နှောင် ဧဝ သဒ္ဒါထိုင်သောပြယုဂ်

တိသော ဓနုရော ဟောတိ ဧဝ။

အတ္ထော ကာကော သေတော။

ဤပြယုဂ်များ၌ ဧဝ၏ **ဂဟေတဗ္ဗကား** ဟောတိ, အတ္ထိ ကြီယာ။

နိဝတ္တေတဗ္ဗကား န ဟောတိ၊ န အတ္ထိ။

အနုညာတတ္ထကား ဒတ္တအစရှိသော ပုဂ္ဂိုလ်ဒြပ်နှင့် ဆင်စီး၊ မြင်းစီးအတတ်စသော ဂုဏ်၊ သာလိကာစသောဒြပ်နှင့် စကားပြောတတ်သော ဂုဏ်စသည်များ ဖြစ်သည်။

(၇) ဒြပ်နောက်ပေ၊ ဧဝနေ၊ ကန့်လေဒြပ်ချင်း။ (တောင်တွင်း၊ ၁၃၂)

ရှင်း။ ဒြပ်နောင် ထိုင်သော ဧဝ-သဒ္ဒါဖြင့် ဒြပ်ကို ကန့်၊ နိဝတ္တေတဗ္ဗထုတ်။ ထိုင်ရာဒြပ်ကို ဂဟေတဗ္ဗထုတ်။ ဂုဏ်ကို အနုညာတတ္ထထုတ်။

(၈) ဂုဏ်၏နောက်မှာ၊ ဧဝပါ။ ကန့်ရာ ဂုဏ်ချင်းချင်း။ (တောင်တွင်း၊ ၁၃၃)

ရှင်း။ ထိုင်ရာဂုဏ်ကို ဂဟေတဗ္ဗ။ တစ်ပါးသောဂုဏ်ကို နိဝတ္တေတဗ္ဗ။ ဂုဏ်ကို အနုညာတတ္ထထုတ်။

(၉) ကြီယာနောက်၊ ဧဝရောက်၊ ချင့်ထောက် ယူလေလျှင်း။ (တောင်တွင်း၊ ၁၃၄)

ရှင်း။ ကြီယာပုဒ်နှောင် ဧဝသဒ္ဒါ ရောက်သည်ရှိသော် ၎င်း ဧဝ-သဒ္ဒါကို နိဝတ္တေတဗ္ဗအဝဓာရဏာ ဧဝ ဖြစ်သလော၊ သန္နိဋ္ဌာပနာဝဓာရဏာ ဧဝသဒ္ဒါ ဖြစ်သလောဟု ချင့်ချိန်၍ ယူရမည်။

အကယ်၍ သန္နိဋ္ဌာပနာဝဓာရဏာ ဖြစ်ခဲ့သော် ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗ စသည်တို့ကို ထုတ်ဖွယ်ရာမလို။ နိဝတ္တာပနာဝဓာရဏာ ဖြစ်ခဲ့သော် ဂဟေတဗ္ဗစသည်ကို ထုတ်ရမည်။

ကြိယာပုဒ်နှောင် ဧဝသဒ္ဒါ
(၂) မျိုးပုံစံ

အဟောသိ ဧဝ ကမ္မံ၊ နု တဿ ဝိပါကော အဟောသိ။ အတ္ထိ ဘဝိဿတိ စာတိ ဧဝံ ဝတ္တဗ္ဗကမ္မံ အဟောသိကမ္မံ။ (ဋီကာကျော်၊ ၁၇၀-၁)

အထက်ပါ ဋီကာကျော်ကို မဏိမဉ္ဇူဆရာ
(၂) မျိုးဖွင့်ပုံ

၁။ တတ္ထ အဟောသိ ဧဝ ကမ္မန္တိ ကမ္မံ အဟောသိ ဧဝ၊ နော နု အဟောသီတိ အတ္ထော၊ တဿ ဝိပါကော ပန ကထန္တိ အာဟ "နု တဿ ဝိပါကော"တိ အာဒိ။ (သန္နိဋ္ဌာပနာဝဓာရဏာအဖွင့်)

၂။ အထ ဝါ ကမ္မံ ဧဝ အဟောသီတိ အတ္ထော၊ အဝဓာရဏဖလံ ဒဿေတုံ "နု တဿာ"တိ အာဒိမာဟ။ (နိဝတ္တာပနာဝဓာရဏာ) [မဏိမဉ္ဇူ။ ၂၊ ၂၉]

ဤသို့ မဏိမဉ္ဇူဆရာ အဟောသိ ဧဝ - ကို ၂-မျိုးဖွင့်ရာ၌ -

(၁) ပထမအဖွင့်ကို ထောက်လျှင် အဟောသိ ဧဝ ကမ္မံ-၌ ဧဝ-သဒ္ဒါသည် သန္နိဋ္ဌာနာဝဓာရဏာသဒ္ဒါဖြစ်၏။ ထို့ကြောင့် ဧဝ-သဒ္ဒါ၏ ဂဟေတဗ္ဗ စသည် ထုတ်ရန် မလို။

(၂) ဒုတိယအဖွင့်ကို ထောက်ဆလျှင် အဟောသိ ဧဝ ကမ္မံ-၌ အဟောသိနောင် ထိုင်သော ဧဝ-သဒ္ဒါကို ကမ္မံ-ပုဒ်နှောင်မှာ ရှေ့ပြောင်း၍ အနက်အဓိပ္ပါယ် ယူရ၏။ ဤသို့ ယူလျှင် ၎င်း ဧဝ-သဒ္ဒါသည် နိဝတ္တာပနာဝဓာရဏာအနက်ရှိ၏။ ထို့ကြောင့် ၎င်း ဧဝ-၏ ဂဟေတဗ္ဗစသည်ကို ထုတ်နိုင်သည်။

နိဝတ္တာပနာဝဓာရဏာ ဧဝသဒ္ဒါကို ဂဟေတဗ္ဗတ္ထ စသည်ထုတ်ပုံ

(က) ကံသည် ဂဟေတဗ္ဗတ္ထ၊
(ခ) အကျိုးဝိပါက်သည် နိဝတ္တေတဗ္ဗတ္ထ၊
(ဂ) နုညာတတ္ထ ထုတ်မရပါ။

ဤသို့လျှင် ကြိယာနောင်ထိုင်သော ဧဝ-သဒ္ဒါကို သန္နိဋ္ဌာပနာဝဓာရဏာ၊ နိဝတ္တာပနာဝဓာရဏာ ချင့်ချိန်ထောက်ဆ၍ ထုတ်ရမည်။

နံပါတ် (၇) ဆိုင်ရာစည်းမျဉ်း ပြီး၏။

* * * * *

နံပါတ် (၈) ဆိုင်ရာစည်းမျဉ်း

နိယံများ

ထူးဆန်းတဝ၊ ဝက်တစ်ချက်၊ ပုဒ်နက်ငုပ်က၊ ပဒတ္ထာ၊ ဖော်ပြငါးအတ္ထာ။
(ရွှေရေးဆောင်၊၁စ၃)

ဒဿနပြု၊ ကံအတ္ထ၊ ဝါစက ကရိဏ်းသာ။ (ရွှေ -)

မုချယူရ၊ စကားကျ၊ ပြကြဒဿနာ။ (ရွှေ -)

ချင်း၏ကာရဏာ၊ ဖလူပြု၊ ပြကြဒီပနာ။ (ရွှေ -)

မုချကျိုးယူ၊ ကာရဏူ၊ ပြမူပကာသာ။ (ရွှေ -)

ကာရဏူက၊ ဆယူကြ၊ ဒု-ပြဝိဘာဝါ။ (ရွှေ -)

ဒု-ကာရဏူ၊ ဆ-၍ယူ၊ တမူနုဘာဝါ။ (ရွှေရေးဆောင်၊၁စ၉)

ရွှေရေးဆောင်နိယံ ၁စ၃-မှ ၁၉စ အထိ ရှင်းလင်းချက်

ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ -

၁။ ထူးဆန်းထွေပြားသော အနက်အဓိပ္ပါယ်ရှိရာ၊

၂။ တိုက်ရိုက်မဟုတ် သွယ်ဝိုက်၍ ယူစေလိုရာ၊

၃။ ထိုထိုပုဒ်၏ ဂုဋ္ဌတ္ထ, ပဋိဆုန္နဖြစ်ရာ တို့၌ ကြိယာငါးတန်၊ (သို့မဟုတ်) ကတ္တားငါးတန် ထုတ်ကြရသည်။

ကြိယာငါးတန်

၁။ ဒဿနတ္ထာ၊

၂။ ဒီပကတ္ထာ၊

၃။ ပကာသနတ္ထာ၊

၄။ ဝိဘာဝတ္ထာ၊

၅။ အနုဘာဝတ္ထာ တို့ဖြစ်ကြသည်။

ရွှေ-နံပါတ် ၃-နိယံမှ ၇-နိယံတို့ဖြင့်

၁။ ဒဿနတ္ထကို ဒဿနတ္ထထုတ်။

၂။ ယင်းမူချတ္ထ၏ အကြောင်းတရားများကို (ဖလူပစာအားဖြင့်) ဒီပကတ္ထထုတ်။

၃။ မူချတ္ထ၏ အကျိုးရင်းကို (ကာရကူပစာရအားဖြင့်) ပကာသနတ္ထထုတ်။

၄။ မူချတ္ထ၏ ဒုတိယအကျိုးကို (ဒုတိယကာရကူပစာရအားဖြင့်) ဝိဘာဝတ္ထထုတ်။

၅။ မူချတ္ထ၏ တတိယအကျိုးတရားတရားတို့ကို (တတိယကာရကူပစာရအားဖြင့်) အနုဘာဝတ္ထထုတ်။

မှတ်ချက်။ ဤသို့ ရွှေနိယံများအလို ကြိယာငါးတန်ထုတ်နည်းကား အကြောင်းတစ်ချက်၊ အကျိုးသုံးချက် ယူ၍ ထုတ်နည်းဖြစ်သည်။

နိယံ။ **က**-ထူးဆန်းတဝ၊ **ခ**- ဝက်တစ်ချက်၊ **ဂ**- ပုဒ်နက်ငုက်က၊ ဃဒတ္ထ၊ ဖော်ပြငါးအတ္ထာ။ (ရွှေနိယံ)-၌

(က) **ထူးဆန်းတဝ** = <u>ဝိသေသပဒ = ထူးထွေဆန်းပြားသောအနက်အဓိပ္ပါယ် ရှိရာဌာန၌ -</u>

ကြိယာငါးတန်ထုတ်ပုံ

၁။ သဗ္ဗဓမ္မေ ပုဏ္ဏတိတိ ပုဒ္ဒါတိ ဝိဂ္ဂဟေ ပုဓာတုကပစ္စယော။ တေသု ပုဓာတုယာ သဗ္ဗညုတဉာဏံ မုချတော ဒဿေတိ။

သဗ္ဗဓမ္မေ ပုဏ္ဏတိတိ ပုဒ္ဒါ-ဝိဂြိဟ်၌ ပုဓ-ဓာတ်၊ တ-ပစ္စည်း။ ထိုတွင် ပုဓ-ဓာတ်အရ သဗ္ဗညုတဉာဏ်တော်ကို မုချဒဿနတ္ထ ပြတော်မူ၏။

၂။ တံဒဿနေန တဿ ကာရဏဘူတာနိ ပါရမီဝိပဿနာမဂ္ဂဖလဉာဏာနိ ဖလူပစာရတော ဒီပေတိ။ တေသံ တဿ ဇနကတ္တာ။

မုချဒဿနတ္ထ၏အကြောင်းဖြစ်သော ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို (ဖလူပစာရအားဖြင့်) ဒီပကတ္တာကို ပြ၏။

၃။ တံဒီပနေန တဿ ဖလဘူတာနိ အာသယာနုသယက္လေဒြယပရောပရိယတ္တ-ဒေသနာဉာဏာဒီနိ ပရမ္မုခဉာဏာနိ ကာရဏူပစာရတော ပကာသေတိ။ တေသံ တဿ ဖလတ္တာ။ (အကျိုး)

အကျိုးဖြစ်သော အာသယာနုသယဉာဏ်၊ က္လေဒြယပရောပရိယတ္တဉာဏ်၊ ဒေသနာဉာဏ် စသော အဆက်ဆက်သော ဉာဏ်တို့ကို ကာရဏူပစာရ အားဖြင့် ပကာသနတ္ထကို ပြ၏။ (အကျိုး)

၄။ တပ္ပကာသနေန စ အတ္တဟိတပဋိပန္နာဒီသု စတူသု ပုဂ္ဂလေသု ဘဂဝတော စတုတ္ထပုဂ္ဂလဘာဝံ ဒုတိယကာရဏူပစာရတော ဝိဘာဝေတိ။

အတ္တဟိတပဋိပန္နပုဂ္ဂိုလ်စသော ပုဂ္ဂိုလ်လေးမျိုးတို့တွင် ဘုရားရှင်၏ စတုတ္ထ ပုဂ္ဂိုလ်၏အဖြစ် ဒုတိယကာရဏူပစာရအားဖြင့် ဝိဘာဝတ္ထကို ပြ၏။ (အကျိုး)

၅။ တံဝိဘာဝနေန စ အနုတ္တရဒက္ခိဏေယျဘာဝံ ဒုရတိသယပဏာမာရဟ-
ဘာဝံ အတ္တနော စ ကိရိယာယ ခေတ္တက်တဘာဝံ တတိယကာရဏ္ဍ
ပစာရတော အနုဘာဝေတိ။
အနုတ္တရ အဂ္ဂဒက္ခိဏေယျ ဒုရာတိသယ ပဏာမာရဟဘာဝ စသော (အကျိုး)
အနုဘာဝတ္ထ။ (**အကြောင်းတစ်ချက်၊ အကျိုးသုံးချက်**)

(ခ) **ဝက်တစ်ချက်** = <u>ဝက်ပဒ = တိုက်ရိုက်မဟုတ် သွယ်ဝိုက်၍ ယူရမည့်အရာ
ဌာနဌ် ထုတ်ပုံ</u>

ကရဏာ ဝိယ သတ္တေသု၊ ပညာ ယသေ မဟေသိနော။
ဥယျမမွေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။ (၌၊ ၁)

၁။ ပညာ ဥယျမမွေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိတိ ဧတေန ပဋိဝေဓ
ပစ္စဝေက္ခဏာဉာဏပုဗ္ဗင်္ဂမဒေသနာဉာဏပဝတ္တိံ မုချတော ဒသေတိ။

* ဤ၌ ပပုဗ္ဗ ဝတ္တု-ဓာတ်အရ ဒေသနာဉာဏ်တော်ကို မုချ ဒဿနတ္ထ။

၂။ တံဒဿနေန တဿာ ကာရဏာဘူတံ ပုဗ္ဗေ ပရိစိတံ မဟာကရုဏာ-
သမ္ပယောဂဉ္စ ဇောဓိသမ္ဘာရသမ္ဘရဏဉ္စ ဇလူပစာရတော ဒီပေတိ။ တေသံ
တဿာ ကာရဏတာ။

* အကြောင်းဖြစ်သော မဟာကရုဏာတော်စသည်တို့ကို ဖလူပစာရအားဖြင့်
ဒီပကတ္ထကို ပြ၏။ (အကြောင်း)။

၃။ တံဒီပနေန တဿာ ဖလဘူတံ အတ္တဟိတပရဟိတပယောဇနသမ္ပတ္တိံ ကာရဏူ
ပစာရတော ပကာသေတိ။ တဿာ ဖလတ္တာ။

* ထိုဒေသနာဉာဏ်တော်၏ အကျိုးဖြစ်သော အတ္တဟိတ ပရဟိတကို ယှဉ်
စေခြင်းကို ကာရဏူပစာရအားဖြင့် ပကာသနတ္ထကို ပြ၏။

၄။ တပ္ပကာသနေန စ အတ္တဟိတပဋိပန္နာဒီသု စတူသု ပုဂ္ဂလေသု ဘဂဝတော စတုတ္ထပုဂ္ဂလဘာဝံ ဒုတိယကာရဏူပစာရတော ဝိဘာဝေတိ။

* ဒေသနာဉာဏ်၏ အကျိုးဖြစ်သော အတ္တဟိတပဋိပန္နာစသော ပုဂ္ဂိုလ် လေးမျိုးတို့တွင် မြတ်စွာဘုရား၏ စတုတ္ထပုဂ္ဂိုလ်၏ဒုဖြစ်ကို ဒုတိယကာရဏူပစာရ အားဖြင့် ဝိဘာဝတ္ထကို ပြ၏။ (အကျိုး)

၅။ တံဝိဘာဝနေန စ (ပ) အနုဘာဝေတိ။

* ဘုရားရှင်၏ စတုတ္ထပုဂ္ဂိုလ်ဖြစ်တော်မူသည်၏အဖြစ်ကို ဒုတိယကာရဏူပစာအားဖြင့် အနုဘာဝတ္ထကို ပြ၏။

(ဂ) ဂုဏ္ဍပဒတ္ထ = ပုဒ်နက်ငုပ်က ပဒတ္ထ = ကွယ်ဝှက်သော အနက်ရှိရာဌာနမျိုး၌ ကြိယာငါးတန်ထုတ်ပုံ -

အဘိဝိသေသတော ဝန္ဒာမိ ဝန္ဒိန္တိ ဝါ အဘိဝါဒိယာတိ ဝိဂ္ဂဟေ အဘိပုဋ္ဌ ဝန္ဒဓာတု တွာပစ္စယော။

* အဘိဝိသေသတော ဝန္ဒာမိတိ အဘိဝါဒိယ။

* အဘိဝိသေသတော ဝန္ဒိန္တိ အဘိဝါဒိယ။

ဤ (၂) ဝိဂြိုဟ်၌ အဘိဝါဒိယ-ကား အဘိပုဋ္ဌ+ဝန္ဒ-ဓာတ်၊ တွာပစ္စည်းတည်း။

၁။ တေသု အဘိပုဋ္ဌဝန္ဒဓာတုယာ တီသု ဒွါရေသု ပဝတ္တံ ရတနတ္တယပဏာမ စေတနံ မုချတော ဒသေတိ။

* အဘိဝါဒိယ-၌ အဘိပုဋ္ဌ ဝန္ဒ-ဓာတ်အရ - ဒွါရသုံးပါး၌ ဖြစ်သော ရတနတ္တယ ပဏာမစေတနာသည် မုချ ဒဿနတ္ထ။

၂။ တံဒဿနေန ပုဗ္ဗေ ပဝတ္တံ ယောနိသောမနသိကာရသဒ္ဓါမေတ္တာပညာပဓာနံ ဉာဏသမ္ပယုတ္တကုသလစိတ္တုပ္ပါဒံ ဖလူပစာရတော ဒိဗေတိ။ တဿ တဿ ကာရဏတ္တာ။

* ရှေးဦးဖြစ်သော ယောနိသော မနသိကာရ၊ သဒ္ဓါ၊ မေတ္တာ၊ ပညာပြဓာန်းသော ဉာဏသမ္ပယုတ် ကုသိုလ်စိတ္တုပ္ပါဒ်သည် ဖလူပစာရအားဖြင့် ဒိပကတ္ထ။

၃။ တံဒိပနေန ပဌာ ပဝတ္တာနိ အန္ဓရာယဝိသောဓန ကာရိယသန္နိဋ္ဌာန ဒိဋ္ဌာနုဂတိ အာပဇ္ဇနဖလာနိ ကာရဏူပစာရတော ပကာသေတိ။ တေသံ တဿ ဖလတ္တာ။

* နောက်နောက်ဖြစ်သော အန္ဓရာယ်ကင်းပျောက်ခြင်း၊ ကျမ်းပြီးခြင်း၊ အယူကောင်းကို အတူလိုက်၍ ကျင့်ကြံခြင်းစသော အကျိုးတို့သည် ပကာသနတ္ထ။

၄။ တပ္ပကာသနေန ဂန္ထဿ ဥဂ္ဂဟဏာဓာရဏာရဟ ာဝံ ဝိဘာဝေတိ။

* အဋ္ဌကထာကျမ်းကို သင်ယူခြင်း၊ ဆောင်ခြင်းဌ၊ ဟုံ ဿည်၏အဖြစ်သည် ဝိဘာဝတ္ထ။

၅။ တံဝိဘာဝနေန စ ဂန္ထေ ဥဂ္ဂဟဏာဓာရဏာဒိနာ နိယုတ္တာသာရတ္ထဿ လဗ္ဘနတော သဗ္ဗလောကိယလောကုတ္တရနိပ္ပတ္တိနံ အနုဘာဝေတိ။

* အဋ္ဌကထာကျမ်းကို သင်ခြင်း, ဆောင်ခြင်းစသည်ဖြင့် အလုံးစုံသော လောကီလောကုတ္တရာအကျိုး ပြီးခြင်းသည် အနုဘာဝတ္ထ။

(တစ်နည်း) အကြောင်း (၂) ချက်၊ အကျိုး (၂) ချက် ယူ၍
ကြိယာငါးတန်ထုတ်ပုံ

ဆောင်။ ဆက်ဆက်မုချ၊ တိုက်ရိုက်ပြက၊ ဒဿနဆို၊ အကြောင်းကိုပြ၊ ဒီပကမျိုး၊ ကျိုးပကာသန၊ မူလ (ဒုရ)ကြောင်းမှာ၊ ဝိဘာဝမှန်၊ ကျိုးပရမွရာ၊ နုဘာဝါ၊ ကြိယာငါးတန် ထုတ်နည်းတည်း။

အဖြေရှင်းလင်းချက်

၁။ မုချတ္ထကို ဒဿနတ္ထထုတ်။

၂။ ယင်းမုချတ္ထ၏ အာသန္နကာရဏ - နီးသောအကြောင်းကို ဒီပကတ္ထ ထုတ်။

၃။ ယင်းမုချတ္ထ၏ အကျိုးရင်းကို ပကာသနတ္ထထုတ်။

၄။ ယင်းမုချတ္ထ၏ ဒုရအကြောင်းကို ဝိဘာဝတ္ထထုတ်။

၅။ ယင်းမုချတ္ထ၏ အကျိုးဆက်များကို အနုဘာဝတ္ထ ထုတ်ရသည်။

ဆက်ဆက်မုချ - စသော နိယံ၏ အဖြေကို အဋ္ဌသာလိနီ
၁-မှ ၅-နံပါတ်အထိ အောက်ပါဂါထာဖြင့် ပြဆိုချက်

<u>တသ</u> <u>ပါဒေ နမသိတ္ဝာ၊ သမ္မုဒ္ဓသ သိရီမတော</u> - ၌

၁။ နမသိဘ္ဝာ-ဝယ် နမဿ-ဓာတ်၊ နမဿ-ကြိယာအရ အဋ္ဌကထာဆရာ၏ သန္တာန်၌ဖြစ်သော ဗုဒ္ဓပဏာမစေတနာသည် (မုချအားဖြင့် ပြအပ်သော) ဒဿနတ္ထ ကြိယာ မည်၏။

၂။ ထိုစေတနာ၏ အကြောင်းဖြစ်သော ယောနိသော မနသိကာရ, သဒ္ဓါ, မေတ္တာ ပြဓာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် (ဖလူပစာရတ္ထအားဖြင့်) ပြအပ်သော ဒီပကတ္ထကြီယာ။ (**အကြောင်း**)

၃။ ထိုစေတနာ၏ အကျိုးဖြစ်သော အန္တရာယ်ကင်းပျောက်ခြင်း၊ ကျမ်းပြီးခြင်း အကျိုးသည် (ကာရကူပစာရတ္ထအားဖြင့် ပြအပ်သော) ပကာသနတ္ထကြီယာ။ (**အကျိုး**)

၄။ ထိုစေတနာ၏ ဒူရအကြောင်းဖြစ်သော သမ္ဘတ်စိတ်လေးပါးသည် (ဒူဖလူပစာရတ္ထအားဖြင့်) ပြအပ်သော ဝိဘာဝတ္ထကြီယာ။ (**အကြောင်း**)

၅။ ထိုစေတနာ၏ အကျိုးဆက်ဖြစ်သော အဌသာလိနီအဋ္ဌကထာကို သင်ယူလေ့ကျက် ဆောင်ရွက်မှတ်သားခြင်း၊ အဘိဓမ္မာသရုပ်သဘောကို ထိုးထွင်း၍သိခြင်း၊ သိသဖြင့် ပါမောဇ္ဇ, ပီတိအစ အနုပါဒိသေသနိဗ္ဗာန်သို့ လာကြောင်းစသော အကျိုးတို့သည် (ဒူ-ကာရကူပစာရတ္ထအားဖြင့်) ပြအပ်သော အနုဘာဝတ္ထကြီယာမည်၏။ (**အကျိုး**)

အကြောင်းတစ်ချက်၊ အကျိုးသုံးချက် ထုတ်လိုသော်

၁။ ပဏာမစေတနာသည် ဒဿနတ္ထ။

၂။ ယောနိသော မနသိကာရ စသည်သည် ဒီပကတ္ထ။

၃။ အန္တရာယ်ကင်းပျောက်ခြင်းသည် ပကာသနတ္ထ။

၄။ ကျမ်းပြီးခြင်းသည် ဝိဘာဝတ္ထ။

၅။ အဋ္ဌကထာကို သင်ခြင်းစသော အကျိုးများသည် အနုဘာဝတ္ထ။

မှတ်ချက်။ အကြောင်းနှစ်ချက်၊ အကျိုးနှစ်ချက်ကို အကြောင်းတစ်ချက်၊ အကျိုးသုံးချက် ထုတ်၍ရသည်။

ထို့အတူ အကြောင်းတစ်ချက်၊ အကျိုးသုံးချက်ကိုလည်း အကြောင်းနှစ်ချက်၊ အကျိုးနှစ်ချက် ထုတ်၍ရသည်။

ပရမတ္ထသဒ္ဒါ, ဝိဇ္ဇမာနသဒ္ဒါတို့၌ လက္ခဏာဒီစတုက္ကနည်းဖြင့် ကြိယာငါးတန်ထုတ်ပုံ

ဆောင်။ (၁) ဒဿနဟူ၊ ယူလက္ခဏ၊ ဒီပကပဒဋ္ဌာန်၊ ပကာသံကိစ္စ၊ ဝိဘာသမ္ဗတ္တိ၊ ယူဘိအာကိရ၊ နုဘာဝဖလန်၊ ပစ္စုပဋ္ဌာန်၊ မှတ်ရန်ဝိဇ္ဇမာန၊ ကတ္တားငါး တန်ပြ၊

(၂) ဒဿနလက္ခဏ၊ ဒီပကပဒဋ္ဌာန်၊ ပကာသနကိစ္စ၊ ရသံကိုယျဉ်တွဲ၊ ဝိဘာဝသမ္ဗတ္တာ၊ အာကာရာထုတ်ရအမြဲ၊ အနုဘာဖလခွဲလို့၊ ဆရာနဲ့မသွေ၊ မှတ်ကြသောတုဇနေ။

၁-၂ -နံပါတ်တို့၏ နိယံအဖြေ

၁။ လက္ခဏကို ဒဿနတ္ထထုတ်။

၂။ ပဒဋ္ဌာန်ကို ဒီပကတ္ထထုတ်။

၃။ ကိစ္စရသကို ပကာသနတ္ထထုတ်။

၄။ သမ္ဗတ္တိရသနှင့် အာကာရပစ္စုပဋ္ဌာန်ကို ဝိဘာဝတ္ထ။

၅။ ဖလပစ္စုပဋ္ဌာန်ကို အနုဘာဝတ္ထထုတ်။

(တစ်နည်း) ဆောင် - နိယံ

လက္ခဏံ ဒဿန၊ ဒီပကပဒဋ္ဌာန်၊ ရသံသမ္ဗတ္တိ၊ ထုတ်ဘိပကာသံ၊ ကိစ္စံရသ၊ ဝိဘာဝထည့်၊ နုဘာဝပစ္စုပဋ္ဌာန်၊ ထုတ်ကြောင်းပြန်သည်၊ ကြိယာငါးတန်၊ ထုတ်နည်းတစ်နည်းတည်း။

နိယံအဖြေ။ ၁။ လက္ခဏကို ဒဿနတ္ထ။

၂။ ပဒဋ္ဌာန်ကို ဒီပကတ္ထ။

၃။ သမ္မတ္တိရသကို ဝိဘာဝတ္ထ။

၄။ ကစ္စရသကို ဝဘာဝတ္ထ။

၅။ ပစ္စုပဋ္ဌာန်ကို အနုဘာဝတ္ထ ထုတ်လေ။

မှတ်ချက်။ ( ) ပြောင်းပြန်ယူမျှသာ ထူးသည်။

ကုသလာ-ပုဒ်ကို ကြိယာငါးတန် ထုတ်ပုံ

၁။ အနဝဇ္ဇသုခဝိပါကလက္ခဏာသည် ဒဿနတ္ထ။

၂။ ယောနိသော မနသိကာရပဒဋ္ဌာန်သည် ဒီပကတ္ထ။

၃။ အကုသလဝိဒ္ဓံသန ကိစ္စရသသည် ပကာသနတ္ထ။

၄။ ဝေါဒါနဘာဝသမ္ပတ္တိရသသည် ဝိဘာဝတ္ထ။

၅။ ဣဋ္ဌဝိပါကပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

သိဒ္ဓိအမျိုးမျိုး

၁။ အာရုံဟေတု၊ ကရိဏ်းပြုလျက်၊ ကျိုးဆက်အာရမ္မဏိ၊ အမှန်သိက၊ ပစ္စက္ခ၊
(တွင်းကြီး၊ ၄၃)

၂။ တစ်ပုံလည်းထုတ်၊ နာမ်ရုပ်ပရမတ်၊ မြဲကြပ်သိရ ပစ္စက္ခ။ (တွင်းကြီး ၄၄)

၃။ အာရုံဟေက၊ အကြောင်းပြုလျက်၊ ကျိုးဆက်အာရမ္မဏိ၊ အသိဉာဏ်ထ၊
နုမာန။ (တွင်းကြီး၊ ၄၅)

၄။ တစ်နည်းသဒ္ဒါ၊ ချင်းဆာယာကို၊ ထောက်ဆအနက်၊ သိညာဏ်ဆက်က၊ နုမာန၊ (တွင်းကြီး၊ ၄၆)

၅။ သဒ္ဒန္တရိတ်၊ မြကြိတ်အာရုံ၊ တွေ့ကြုံညာပက၊ သိဒ္ဓေယျ။ (တွင်းကြီး၊ ၄၇)

၆။ သဂ္ဂနိဗ္ဗာန၊ ကြုံဆသိကောင်း၊ အကြောင်းမဲည်ရ၊ အာကပွ။ (တွင်းကြီး၊ ၄၈)

၇။ ကြောင်းအားလည်းကြုံ၊ အာရုံအားသိ၊ ပရိကပွ၊ သိဒ္ဓေယျ။ (တွင်းကြီး၊ ၄၉)

၈။ ဗျတိဆိုက၊ နွယသိ၊ နွယဆိုက၊ ဗျတိသိ၊ မှတ်ဘိအတ္ထာပန္နး၊ သိဒ္ဓိတည်း။ (အာစရိယ)

ဒဠ္ဍဗံ့ စသည် ဂၢးပုံ

၁။ ဒဠ္ဍဗံ့ ကား၊ သန္နိဋ္ဌာန်၊ ဝေဒိတဗံ့ ကား၊ သံသယ၊ သိဒ္ဓံရှိက၊ စကားကျ။ (ရှင်တိပိဋကနာဂ၊ ၈၄)

၂။ ဂဟေတဗ္ဗာ၊ ဝတ္တဗ္ဗာနှင့်၊ သက္ကာလည်းပြ၊ သာမညသည်၊ ဌာနဝိသေ၊ ထည့်သင့်ပေလှ၊ အတ္ထယုတ္တိ၊ ကြုံတွေးရှိ။ (တွင်းကြီး၊ ၃၂)

၃။ သမ္ဘဝတိ၊ စသည်ရှိက၊ ဗျဘိစာရော၊ သြဇတျ။ (သြစိတျ) အတ္ထရောက်ရာ၊ ကျမ်းတွင်လာ။ (တွင်းကြီး၊ ၃၃)

၄။ အဓိပ္ပါယော၊ အတ္တနောမတိ၊ မှတ်ဘိဇဝါကျ၊ စကားကျ။ (တွင်းကြီး၊ ၃၄)

၅။ သန္ဓာယလာ၊ သဒ္ဒါရုစိ၊ ဓိပ္ပါရှိက့၊ အတ္ထတစ်ဖြာ၊ မသက်သာ။ (တွင်းကြီး၊ ၄၁)

နံပါတ် (၈) ဆိုင်ရာစည်းမျဉ်း ပြီး၏။

* * * * *

နံပါတ် (၉) ဆိုင်ရာစည်မျဉ်း

(၉) နံပါတ်အတွက် လက္ခဏာဒိစတုက္ကနှင့်အဓိပ္ပါယ်များကို အဋ္ဌကထာရှိသည့် အတိုင်းသာ ကျက်ထားရန်, မှတ်သားထားရန်ဖြစ်သည်။

* * * * *

နံပါတ် (၁၀) ဆိုင်ရာစည်းမျဉ်း

ဆောင်ရန် - ကတ္တားနှင့်ကြိယာ၊ စပ်ပါကြ၊ သ-နံ-ပူ၊ ကြိယာကံစပ်ဟန်ရိုး၊ မျိုး အာရုံဟူ၊ အဇ္ဈတ်ဗာဟျတ်နှင့်၊ နှစ်ရပ်တဲ့ ကရိဏ်းမူ၊ ကတ္တားတူသုံးမျိုး၊ (ကတ္တားတူသုံးမျိုး)

သမ္ပဒါန်၊ အာရုံမျိုး၊ ရံခါပ၊ အကြွင်းမှာ တိဒေသ၊ ဥပတဲ့မျိုး။

အဖြေ။ (၁) ကတ္တားနှင့်ကြိယာကို သဟဇာတမျိုး၊ အနန္တရမျိုး၊ ပုရေဇာတမျိုး၊ (၃) မျိုးစပ်၊ ပြုင်ပါ။

(၂) ကံနှင့်ကြိယာကို အာရမ္မဏာမျိုး စပ်၊ ပြုင်ပါ။

(၃) အဇ္ဈတ္တိကကရိဏ်း၊ ဗာဟိရကရိဏ်းနှင့် ကြိယာကို ကတ္တားတူ သဟဇာ၊ အနံ၊ ပုရေ သုံးမျိုး၊ ဥပနိဿယမျိုး စပ်၊ ပြုင်ပါ။

(၄) ကြွင်း အပါဒါန်၊ ဩကာသကာရက နှစ်မျိုးနှင့် ကြိယာများကို ဥပနိဿယ မျိုးစပ်၊ ပြုင်ပါဟု ပြသည်။

နံပါတ် (၁၀) ဆိုင်ရာစည်းမျဉ်း ပြီး၏။

အဋ္ဌသာလိနီ ဒုတိယနေ့ ဆိုင်ရာစည်းမျဉ်း ပြီးပြီ။

* * * * * *

အဋ္ဌသာလိနီမေးခွန်း

ပို့ချစဉ် (၁)

(က) ပိတိနိဒ္ဒေသေ ပိတီတိ သဘာဝပဒံ၊

(ခ) ပမုဒိတာဿ ဘာဝေါ ပါမောဇ္ဇံ၊

(ဂ) အာမောဒနာကာရော အာမောဒနာ၊

(ဃ) ပမောဒနာကာရော ပမောဒနာ၊

(င) ယထာ ဝါ ဘေသဇ္ဇာနံ ဝါ တေလာနံ ဝါ ဥဏ္ဍောဒကသီတောဒကာနံ ဝါ ကေတော ကရဏံ မောဒနာတိ ဝုစ္စတိ။ ဧဝမယမ္ပိ ပိတိမ္မာနံ ကေတော ကရဏေန မောဒနာ၊

(စ) ဥပသဂ္ဂဝသေန ပန မဏ္ဍောတ္ပာ အာမောဒနာ ပမောဒနာတိ ဝုတ္တာ။

(ဋ၊ ၁၈၇။ ဘာဋီ၊ ဒု၊ ၃၇၆-၇။ ပြည်၊ ဒု၊ သျှ၊ ၁၅၉)

၁။ (င) ဝါကျကို ဝါကျပရိဝတ္တနနည်း = ဝါကျအပြန်အလှန် အနက်ပေးပါ။

၂။ (ဂ) ဝါကျသို့ ဌပနာပါပနာဒိကျမ်းရိုးငါးချက် စောဒနာ၊ (စ) ဝါကျသို့ ဌပနာ အာဘောဂါဒိပဉ္စက စောဒနာတက်ခဲ့ပါ။

၃။ (ခ) စသောဝါကျတို့ဖြင့် ပယ်အပ်သော ဂန္ထဒေါသတို့ကို ပြ၍၊ (ဂ) ဝါကျ၌ ဝါ-သဒ္ဒါထားပုံအဓိပ္ပါယ်ကိုလည်း ဖော်ပြပါ။

၄။ ဘေသဇ္ဇာနံ-ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တာဒိစတုက္က ထုတ်ပြပါ။

၅။ (ဂ) ဝါကျရှိ ပုဒ်တို့ကို လိင်္ဂ, ဂဏ, အန္တ, ပဒ ခွဲပြပါ။

၆။ အထက်ပါ ဝါကျတို့၌ အဌကထာဆရာ၏ အဘော်+သံဝဏ္ဏနာ ဖော်ပြပါ။

၇။ (ဂ) ဝါကျ၌ အယမိဝ်-ဝယ် ဣမ-သဒ္ဒါအစွဲ၊ ပိ-သဒ္ဒါ၏အနက်၊ (စ) ဝါကျ၌ ပန-သဒ္ဒါအစွဲတို့ကိုလည်း ထုတ်ပြပါ။

၈။ (စ) ဝါကျ၌ ဝုတ္တာ-၏ အန္တိတ္ထကို ကိုယ်ပြု၍ ကြိယာဂါးတန် ထုတ်ပြပါ။

၉။ ပိတိ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ (ဂ) ဝါကျ၌ မောဒနာ-ကို (ဝုစ္စတိ) ၌ ပဌာန်းနည်းဖြင့် စာစပ်၍ ပစ္စယသတ္တိကိုလည်း ဖြေပါ။

မှတ်ချက်။

(က) မောဒနာကို ပဌာန်းနည်းစာစပ်၍ဟုလည်း မေးနိုင်သည်။ (ဝုစ္စတိ)၌ ဟုမေးသဖြင့် မေးခွန်း၌ အဖြေပါနေသည်ဟု သိရမည်။

(ခ) ပစ္စယသတ္တိကိုလည်း ဖြေပါဟု မေးထားသဖြင့် ပစ္စည်းသည် ပြိုင်စရာမရှိ။ (ဘ) ပစ္စည်းထဲဟု အဖြေပါနေသည်ဟု သိနိုင်သည်။

ပိုချစဉ် (ဘ) အဖြေ

၁။ (ဂ) ဝါကျအပြန်အလှန် အနက်ပေးပုံ

(ဂ) ဝါကျ၌ ယထာ ဝါ (ပ) ဝုစ္စတိ-သည် **ဥပမာန, အပဓာနဝါကျ**။ ဧဝမယမိဝ် ။ပ။ မောဒနာ-သည် **ဥပမေယျ, ပဓာနဝါကျ** ဖြစ်သည်။ အပြန်အလှန်ပေးသောအခါ ဥပမေယျဝါကျကို ပထမပေးရသည်။ ယင်းဥပမေယျ

ဝါကျကို အနက်ပေးရာတွင်လည်း ဧဝံ-သဒ္ဒါကို ထားခဲ့ပါဦး၊ ဝုစ္စတိ-ကိုလည်း ဥပမာနဝါကျမှ အလိုက်ခံပါ။ ထိုနောက်မှ ကိမိဝ စသည် ထည့်ပေးပါ။ ဧဝံ-ကိုလည်း အနက်ပေးပါ။ ဤသို့ မှတ်ချက်ယူ၍ အနက်ပေးပါ။

(c) ဝါကျအနက်

ဝါ၊ တစ်နည်းကား။ အယမို ပီတိ၊ ဤ ပီတိကိုလည်း။ ဓမ္မာနံ၊ သဟဇာတ်တရားတို့ကို။ ဧကတော၊ တကွနက်။ ကရဏေန၊ ပြုခြင်းကြောင့်။ ဝါ-ပြုတတ်သည်၏အဖြစ်ကြောင့်။ (သဒ္ဒတ္ထ) ဝါ - ရောနှောခြင်းကြောင့်။ (အဓိပ္ပါယတ္ထ) မောဒနာ၊ ရောနှောတတ်သောတရား ဟူ၍။ (ဘဂဝတာ၊ သည်။) ဝုစ္စတိ၊ ဆိုအပ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ (ထည့်) ဘေသဇ္ဇာနံ ဝါ၊ ဆေးတို့ကိုဂုင်း။ တေလာနံ ဝါ၊ ဆီတို့ကိုဂုင်း။ ဥဏ္ဏောဒက သီတောဒကာနံ ဝါ၊ ရေပူ, ရေအေးတို့ကိုဂုင်း။ ဧကတော၊ တကွနက်။ ကရဏံ၊ ပြုခြင်းကို။ ဝါ- ရောနှောခြင်းကို။ မောဒနာတိ၊ မောဒနာဟူ၍။ ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ (ပြန်) ဧဝံ၊ ဤအတူ။ အယမို ပီတိ၊ ဤ ပီတိကိုလည်း။ ဓမ္မာနံ၊ သဟဇာတ်တရားတို့ကို။ ကေတော၊ တကွနက်။ ကရဏေန၊ ပြုခြင်းကြောင့်။ ဝါ၊ ရောနှောခြင်းကြောင့်။ မောဒနာ၊ မောဒနာ ဟူ၍။ (ဘဂဝတာ၊ သည်။) ဝုစ္စတိ၊ ၏။

၂။ (c) ဝါကျသို့ ဌပနာပါပနာဒိကျမ်းရိုးငါးချက် စောဒနာတက်

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (ဂ-ဃ) ဝါကျတို့ဖြင့် အာမောဒနာပမောဒနာ-ပုဒ်တို့၌ မုဒ-ဓာတ်၏ရွှင်လန်းခြင်း ဟသ-အနက်ကို ဖွင့်ဆိုတော်မူ၏။ (ဌပနာ) ဤသို့ ဖွင့်ဆိုချေသော် (ဒေါသာပေက္ခလက္ခဏာ) မုဒ-ဓာတ်၏ ဟသ-အနက်ကိုသာ သိအပ်၍ ရောနှောခြင်း-မိဿကအနက်ကို မသိအပ်

ဟူသောအနက်သည် ရောက်၏။ (အနုလောမပါပနာ) စင်စစ်တမူကား မရောက်သင့်။ (ပဋိလောမပါပနာ) ထိုသို့ မရောက်သင့်လေသောကြောင့် (ရောပနာပါဒကဟိတ်)၊ မုဒ-ဓာတ်၏ ဟဿအနက်ကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမ ပနာ) မပြဆိုဘဲ မနေသင့်တန်။ (ပဋိလောမရောပနာ) မနေသင့်တန်ဘဲ နေခဲ့သော် ဆရာ၌ အဗျာပိတဒေါသ၊ အပရိပုဏ္ဏာဒေါသ သင့်ရောက်ရာ၏။ (ဒေါသာရောပန) ဤသို့ စောဒနာဘွယ်ရှိ၍ (ငါ) ဝါကျကို မိန့်။

* ပုဒ်နှစ်လုံးစပ်ပြသောကြောင့် သမ္ပန္နသံဝဏ္ဏနာ။

ဇဂုဆွတိ - သံဝဏ္ဏနာဖြင့် ဟိရိယတိ-၌ ဟိရိဓာတ်၏ ဇဂုဆွနအနက်ဟောကို သိစေပါသည်။

* အာချာတ်အနက်ကို ဖွင့်ပြသောကြောင့် ဓာတ္တွတ္ထသံဝဏ္ဏနာ။

(ဂ) ဝါကျ၌ လာမကာနံ ဟူသော သံဝဏ္ဏနာဖြင့် ပါပကာသဒ္ဒါ၊ လာမကသဒ္ဒါတို့၏ အနက်တူပရိယာယ်သဒ္ဒါ၏အဖြစ်ကို သိစေပါသည်။

* သဒ္ဒါဟောအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ-ပရိယာယတ္ထသံဝဏ္ဏနာ။

၇။ (ခ) ဝါကျ၌ **ပိသဒ္ဒါသည်** သမုစ္စည်းအနက်ဟော ဖြစ်ပါသည်။

ဝေဒိတဗ္ဗော ထားရခြင်းအကြောင်း

ပါဠိတော်၌ ယံသဒ္ဒါသည် ပကတိနပုလ္လိင်ဖြစ်သလောဟု ယုံမှားသံသယဖြစ်ဘွယ်ရှိသောကြောင့် ဝေဒိတဗ္ဗောသဒ္ဒါ ထားပါသည်။

(**ဆောင်**) ဒဋ္ဌဗ္ဗံကား၊ သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗံကား၊ သံသယ၊ သိဒ္ဓံရှိက၊ စကားကျ။
(ရှင်တိပိဋ္ဌကနာဂ နိယံ)

၈။ (ယ) **ဇဂုဆွတိ အရ** ဟိရိတရားကို ရ၏။

(၁) ဟိရိသည် ဒဿနတ္ထ။

(၂) အတ္တဂါရဝ၊ ဇာတိ၊ ဝယ၊ သူရ၊ ဗာဟုသစ္စတို့သည် ဒီပကတ္ထ။

(၃) မကောင်းမှုရှောင်၊ ကောင်းမှုဆောင်ခြင်းသည် ပကာသနတ္ထ။

(၄) ပုဗ္ဗေကတပုညတာ စသော သမ္ပတ္တိစက်တို့သည် ဝိဘာဝတ္ထ။

(၅) ပညာရှိတို့ ချီးမွမ်းခံရခြင်း၊ ကောင်းရာသုဂတိသို့ လားရခြင်းစသည်သည် အနုဘာဝတ္ထ။

၉။ **ဟိရိ၏ လက္ခဏာဒိစတုက္က**

ဟိရီ ပါပတော ဇိဂုစ္ဆနလက္ခဏာ၊ လဇ္ဇနာကာရေန ပါပါနံ **အကရဏာရသာ**၊ ပါပတော သင်္ကောစနပစ္စုပဋ္ဌာနာ၊ အတ္တာဂါရဝပဒဋ္ဌာနာ။

[ဋ္ဌ၊ ၁၆၈။ ဝိသုဒ္ဓိမဂ်၊ ဒု၊ ခန္ဓနိဒ္ဒေသ)

၁၀။ (ဃ) ဝါကျ၌ **ကာယဒုစ္စရိတာဒိဓမ္မံ-ကား "ကို"** ဟူ၍ အနက်ပေးသောကြောင့် ဟိရိယတိ ဇိဂုစ္ဆတိ-၌ အာရမ္မဏပစ္စည်း၊ ဟိရိယတိ ဇိဂုစ္ဆတိ-ကား အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏။

(**တစ်နည်း**) ကာယဒုစ္စရိတာဒိဓမ္မံ-ကား **"ကို" ဟူ၍ အနက်**ပေးသောကြောင့် ဟိရိယတိ ဇိဂုစ္ဆတိ-၌ ပကတူပနိဿယပစ္စည်း။ ဟိရိယတိ ဇိဂုစ္ဆတိ-ကား ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏။

ပစ္စည်း+ပစ္စယုပ္ပန်ဖြစ်ပုံ

ကာယဒုစ္စရိတာဒိဓမ္မံ - အရ အကုသိုလ်တရားသည် အာရမ္မဏပစ္စည်း၊ ပကတူပနိဿယပစ္စည်း။

ဟိရိယတိ ဇိဂုစ္ဆတိ - အရ ဟိရီသမ္မယုတ္တစိတ္တုပ္ပါဒဓမ္မသည် အာရမ္မဏိက ပကတူပနိဿယအကျိုး ပစ္စယုပ္ပန် အကုသိုလ်ကို အာရုံပြု၍ (ဝါ) အကုသိုလ် အကြောင်းတရားကြောင့် ဟိရိသမ္မယုတ္တဓမ္မစိတ္တုပ္ပါဒ်ဖြစ်၏။

ဤသို့ ပစ္စည်းပစ္စယုပ္ပန်ဖြစ်သတည်း။

သတိ။ ။ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ပုံကို သတိထားမှတ်ထား၍ ဘာမူကြပါရန်ပါဘုရား။

* * * * *

ပို့ချစဉ် (၂၅)

(က) သမာပတ္တိယာတိ ဣဒမိဖ ဥပယောဂတ္ထေ ကရဏဝစနံ၊ တေသံ ဓမ္မာနံ သမာပတ္တိံ ပဋိလာဘံ သမဓိဘာဝံ ဟိရိယတိ ဇဂုစ္ဆတီတိအတ္ထော။

(ခ) သြတ္တပ္ပဗလနိဒ္ဒေသေ သြတ္တပ္ပိတပ္ပေနာတိ ဟေတ္ထတ္ထေ ကရဏဝစနံ။

(ဂ) သြတ္တပ္ပိတပ္ပယုတ္တကေန သြတ္တပ္ပဿ ဟေတုဘူတေန ကာယဒုစ္စရိတာဒိနာ ဝုတ္တပ္ပကာရာယ စ သမာပတ္တိယာ သြတ္တပ္ပဿ ဟေတုဘူတာယ သြတ္တပ္ပတိ ဘာယတီတိ အတ္ထော။

(ဃ) အလောဘနိဒ္ဒေသေ အလုဇ္ဈနကဝသေန အလောဘော။ န လုဇ္ဈတီတိပိ အလောဘော။

(င) ဣဒမဿ သဘာဝပဒံ။

(ဋ၊ ၁၉၃။ ဘာဋီ၊ ဒု၊ ၄၀၂။ ပြည်၊ ဒု၊ သျှ၊ ၁၈၃)

၁။ အတ္ထော-၏သမ္ဗန်ခံ၍ (ဂ) ဝါကျကို အနက်ပေးပါ။

၂။ (ခ) ဝါကျသို့ ဋပနာအာဘောဂါဒိပဉ္စကစောဒနာ တက်ခဲ့ပါ။

၃။ (ခ) စသောဝါကျတို့ဖြင့် ပယ်အပ်သော ဂန္ထဒေါသတို့ကို ဖြေပါ။

၄။ သြတ္တပ္ပ-ပုဒ်ကို ဝိဂ္ဂဟပြု၍ စတုက္က ခွဲပြပါ။

၅။ (က) ဝါကျလာပုဒ်တို့ကို လိင် စသည် ခွဲပြပါ။

၆။ (က) အစရှိသောဝါကျတို့၌ အာဘော်+သံဝဏ္ဏနာ ဖော်ပြပါ။

၇။ (က-ဃ) ဝါကျတို့၌ ပိ-အနက်၊ (င) ဝါကျ၌ ဣဒမဿ- အစွဲတို့ကို ခွဲပြပါ။

၈။ (ဂ) ဝါကျ၌ ဩတ္တာပ္ပတိ အရ တရားကိုယ်ကောက်၍၊ ကြိယာငါးတန် မှန်ကန်စွာ ထုတ်ပြပါ။

၉။ ဩတ္တာပ္ပ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ (က)ဝါကျ၌ တေသံ ဓမ္မာနံ-ကို ပဋ္ဌာန်းနည်းစာစပ်၍၊ ပြိုင်နိုင်သော ပစ္စည်း သရုပ်တို့ကိုလည်း ထုတ်ပြပါ။

ပို့ချစဉ် (၂၅) အဖြေ

၁။ **အတ္ထော သမ္ဘန်ခံ၍ (ဂ)ဝါကျကို အနက်ပေး**

ဩတ္တပ္ပိတပ္ပယုတ္တကေန၊ ကြောက်ထိတ်လန့်ခြင်းဌာ လျှာက်ပတ်သော။ ဩတ္တာပ္ပသ၊ ဩတ္တာပ္ပ၏။ ဟေတုဘူတေန၊ အကြောင်းဖြစ်၍ဖြစ်သော။ ကာယဒုစ္စရိတာဒိနာ၊ ကာယဒုစရိုက် အစရှိသော အကုသိုလ်တရားကြောင့်။ ဩတ္တာပ္ပတိ ဘာယတိ၊ ကြောက်ထိတ်လန့်တတ်၏။ ဝုတ္တာပ္ပကာရာယ၊ ဆိုအပ်ပြီး သောအပြားရှိသော။ ဩတ္တာပ္ပသ၊ ဩတ္တာပ္ပ၏။ ဟေတုဘူတာယ၊ အကြောင်း ဖြစ်၍ ဖြစ်သော။ သမာပတ္တိယာ စ၊ ရောက်ခြင်းကြောင့်လည်း။ ဩတ္တာပ္ပတိ, ဘာယတိ၊ ကြောက်ထိတ်လန့်တတ်၏။ ဣတိ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ (ဩတ္တာပ္ပိတပ္ပေန သမာပတ္တိယာတိ ပဒါနံ၊ ဩတ္တာပ္ပိတပ္ပေန သမာပတ္တိယာ ဟူသော ပုဒ်တို့၏။ [**အတ္ထော-၏သမ္ဘန်**])။ အတ္ထော၊ အနက်တည်း။

၂။ **(ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာတက်**

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် သမာပတ္တိယာ၌ တတိယာ နာဝိဘတ်၏ ကံအနက်နှင့် အတ္ထယောဇနာသမ္ဘန္ဓကို ဖွင့်ဆိုတော်မူ၏။ ဤသို့

ဖွင့်ဆိုသည်ရှိသော် သြတ္တပ္ပိတဗ္ဗေန၌ နာဝိဘတ်သည် ကံအနက်၌ ဖြစ်၏ ဟု မှတ်ပါသလော။ ထိုသို့မှတ်အပ်ရာသည်ဖြစ်သောကြောင့် (က)ဝါကျဖြင့် မဖွင့်ဆိုသင့်။ သြတ္တပ္ပိတဗ္ဗေန-၌ နာဝိဘတ်၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ စောဒနာဘွယ်ရှိ၍ (ခ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = သြတ္တပ္ပိတဗ္ဗေန-၌ နာဝိဘတ်သည် ကံ-အနက်၌ ဖြစ်၏ဟု မမှတ်အပ်၊ ဟိတ်အနက်၌ သက်သော နာဝိဘတ်ဖြစ်၏ ဟူလို။

၃။ (ခ) ဝါကျဖြင့် (က) ဝါကျ၌တင်သော အဗျာပိတ, အပရိပုဏ္ဏာဒေါသကို ပယ်။

(ဂ) ဝါကျဖြင့် (ခ)ဝါကျ၌တင်သော အဗျာပိတ, အပရိပုဏ္ဏာ ဒေါသကို ပယ်။

(ဃ) ဝါကျဖြင့် (ခ-ဂ)၌တင်သော အဗျာပိတ, အပရိပုဏ္ဏာဒေါသကို ပယ်။

(င) ဝါကျဖြင့် (ဃ) ဝါကျ၌တင်သော အဗျာပိတ, အပရိပုဏ္ဏာဒေါသကို ပယ်ပါသည်။

၄။ သြတ္တပ္ပတီတိ သြတ္တပ္ပံ။

ဘေဒစိန္တာဒီပနီနည်း

(၁) သြတ္တပ္ပတီတိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိ။

(၂) အစိတ်သဒ္ဒါဖြစ်ကြောင်းဖြစ်သော ကြောက်လန့်ခြင်းကြီယာသည် ဗျူပ္ပတ္တိ နိမိတ်။

(၃) သြတ္တပ္ပံ ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ။

(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်းဖြစ်သော ကြောက်လန့်ခြင်းကြီယာသည် ပဝတ္တိ နိမိတ်။

အဘိဓာန်ဋီကာနည်း

(၁) သြတ်, ဟူသော၊ တပ် ဟူသော၊ ပ,ဟူသော တစ်လုံးတစ်လုံးသော အက္ခရာဟု ဆိုအပ်သော ဝစီဘေဒပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။

(၂) အစိတ်သဒ္ဒါဖြစ်ကြောင်းဖြစ်သော ကြောက်လန့်ခြင်းကြီယာ၊ အဝပုဋ္ဌ, တာပဓာတ်, အပစ္စည်းသည် ဗျူပ္ပတ္တိနိမိတ်။

(၃) သြတ္တပ်ပံ-ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်းဖြစ်သော ကြောက်လန့်ခြင်းကြီယာ သြတ္တပ္ပဇာတ်သည် ပဝတ္တိနိမိတ်။

၅။ (က) ဝါကျရှိပုဒ်များကို လိင်စသည်ဖြင့် ခွဲပုံ

သမာပတ္တိ - ကုတ္ထိလိင်၊ ရတ္တာဒိဂုဏ်း၊ ကုကာရန္တ၊ ကိတနာမပဒ။

ကုတိ - အလိင်၊ ဂဏဝိမုတ်၊ ကုကာရန္တ၊ နိပါတပဒ။

ကုဒံ - နပုံလိင်၊ စိတ္တာဒိဂုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။

ပိ - အလိင်၊ ဂဏဝိမုတ်၊ ကုကာရန္တ၊ နိပါတပဒ။

ဥပယောဂတ္ထ - ပုံလိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။

ကရဏဝစနံ - နပုံလိင်၊ စိတ္တာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။

ဘ - ပုံလိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။

မမ္မ - ပုံလိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ ကိတနာမပဒ။

ဟိရိယတိ - အလိင်၊ ဒိဝါဒိဂုဏ်း၊ ကုကာရန္တ၊ အာချာတပဒ။

ဗုဇ္ဈတိ - အလိင်၊ ဘူဝါဒိဂုဏ်း၊ ကုကာရန္တ၊ အာချာတပဒ။

အဂ္ဂ - ပုံလိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ အာချာတပဒ။

၆။ (က) ဝါကျ၌ ဥပယောဂတွေ့ ကရဏဝစနံဟူသော သံဝဏ္ဏနာဖြင့် သမာပတ္တိယာ၌ ယာသည် တတိယာနာဝိဘတ်၏ ကာရိယ၏အဖြစ်ကိုဂင်း၊ ယင်းနာဝိဘတ်သည် ကံအနက်ဟောကိုဂင်း သိစေပါသည်။

* နာမ်ဝိဘတ်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တိပဒသံဝဏ္ဏနာ။

* နာမ်ဝိဘတ်အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တျတ္ထသံဝဏ္ဏနာ။

တေသံ ဓမ္မာနံ သမာပတ္တိံ စသော သံဝဏ္ဏနာဖြင့် အကုသလာနံ ဓမ္မာနံကို သမာပတ္တိယာသို့ ကံအဖြစ်ဖြင့် စပ်အပ်သည်ကိုဂင်း၊ သမာပတ္တိယာကို ဟိရိယတိ-ပုဒ်သို့ ကံအနက်စပ်အပ်သည်ကိုဂင်း၊ အကုသိုလ်သို့ ရောက်ဟူသည် အကုသိုလ်ရခြင်း၊ အကုသိုလ်နှင့် ပြည့်စုံခြင်းပင်ဟူသော အဓိပ္ပါယ်ကိုဂင်း၊ ဟိရိယတိ-၌ ဟိရီဓာတ် ဇဂုစ္ဆနအနက်ဟောသည်ကိုဂင်း သိစေပါသည်။

* အစပ်ကို ဖွင့်ပြသောကြောင် သမ္ဗန္ဓသံဝဏ္ဏနာ။ ၂

* အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။

* ဓာတ်၏အနက်ကို ဖွင့်ပြသောကြောင့် ဓာတွတ္ထသံဝဏ္ဏနာ။

(ခ) ဝါကျ၌ သံဝဏ္ဏနာဖြင့် ဩတ္တပ္ပတရေန-၌ နာဝိဘတ်၏ ဟိတ်အနက်၌ သက်သည်ကို သိစေပါသည်။

* နာမ်ဝိဘတ်၏အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တျတ္ထသံဝဏ္ဏနာ။

မှတ်ချက် - (ဂ) ဝါကျကို

(၁) ဩတ္တပ္ပိတပုဂ္ဂယုတ္တကေန ဩတ္တပ္ပသဿ ဟေတုဘူတေန ကာယဒုစ္စရိတာဒိနာ ဩတ္တပ္ပတိ။

(၂) ဝုတ္တပ္ပကာရာယ စ ဒေါမာပတ္တိယာ ဩတ္တပ္ပဿ ဟေတုဘူတာယ ဩတ္တပ္ပတိ ဟု နှစ်ဝါကျ ပြန်ယူရမည်။

ထိုတွင် (၁) ဝါကျဖြင် ဩတ္တာပိုတဗ္ဗေန ကို ဖွင့်သည်။
(၂) ဝါကျဖြင့် သမာပတ္တိယာ ကို ဖွင့်သည်ဟု မှတ်ပါ။

(ဂ) ဝါကျတွင် နံပါတ် (၁) ဝါကျ သံဝဏ္ဏနာဖြင့် ဩတ္တာပိုတဗ္ဗေ-၌ နာဝိဘတ်၏ ဟိတ်အနု ၌ သက်သည်ကိုဎင်း၊ တဗ္ဗပစ္စည်း ဘာဝသာဓနဝါစကအဖြစ်ကိုဎင်း။ ဩတ္တာပိုယဘော ဩတ္တာပိုတဗ္ဗောဟု ဘာဝသာဓနဝိဂ္ဂဟ ပြုအပ်သည်ကိုဎင်း၊ ဩတ္တာပိုတဗ္ဗယုတ္တာဓေန ဟု ဆိုလိုလျက် ယုတ္တာဓနောက်ပုဒ် ကျေသည်၏အဖြစ်ကိုဎင်း၊ ဩတ္တာပိုတဗ္ဗ အရ ကာယဒုစရိုက်စသည်ကို ယူအပ်သည်ကိုဎင်း၊ ဩတ္တာပိုဘဗ္ဗေန-ကို ဩတ္တာပုတိ-၌ ဟိတ်အဖြစ်ဖြင့် စပ်အပ်သည်ကိုဎင်း သိစေ။
* နာမ်ဝိဘတ်၏အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တတ္ထသံဝဏ္ဏနာ။
* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။
* သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ။
* အစပ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ။

(ဂ) ဝါကျ၌ နံပါတ် (၂) ဝါကျသံဝဏ္ဏနာဖြင့် သမာပတ္တိယာ-၌ နာဝိဘတ်၏ ဟိဟ်အနက်၌ သက်သည်ကိုဎင်း၊ ဩတ္တာပုတိ-၌ ဟိတ်စပ်အပ်သည်ကိုဎင်း သိစေပါသည်။
* နာမ်ဝိဘတ်၏အနက်ကို ဖွင့်ပြသောကြောင့် ဝိဘတ္တတ္ထသံဝဏ္ဏနာ။
* အစပ်ကို ဖွင့်ပြသောကြောင့် သမ္ဗန္ဓသံဝဏ္ဏနာ။

(ဂ) ဝါကျ ဘာယတီတိ ဟူသော သံဝဏ္ဏနာဖြင့် ဩတ္တာပုတိ-၌ တပစ္စတ် ဘာဝနပ္ဖွဟ်ကို သိစေပါသည်။
* ဓာတ်အနက်ကို ဖွင့်ပြသောကြောင့် ဓာတ္ဝတ္ထသံဝဏ္ဏနာ။

(ဃ) ဝါကျ၌ အလုပ္ဘာနကဝသေန ဟူသော သံဝဏ္ဏနာဖြင့် အလောဘော-၌ ဏာပစ္စည်း ဘာဝသာဓနအနက်၌ သက်သည်ကိုဎင်း၊ လုဘ္ဘနံ လောဘောဟု ဘာဝသာဓနဝိဂြိုဟ်ပြုအပ်သည်ကိုဎင်း၊ နှ. လောဘော အလောဘောဟု ဥဘေတပ္ပုရိသ်သမာသ်တွဲစပ်အပ်သည်ကိုဎင်း သိစေပါသည်။

* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

(ဃ) ဝါကျ ၌ နှ လုဘ္ဘတိတိပိ ဟူသောသံဝဏ္ဏနာဖြင့် ဏာပစ္စည်း ဘာဝသာဓနသာမဟုတ်၊ ကတ္တုသာဓနကိုလည်း ဟောသေးသည်၏အဖြစ်ကိုဎင်း၊ လုဘ္ဘတိတိ လောဘောဟု ကတ္တုသာဓနဝိဂ္ဂဟပြုအပ်သည်ကိုဎင်း၊ နှ လောဘော အလောဘော ဟု ဥဘေတပ္ပုရိသ်သမာသ် (ဝါ) ကမ္မဓာရည်းသမာသ် တွဲစပ်အပ်သည်ကိုဎင်း သိစေပါသည်။

* အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

၇။ (က) ဝါကျ၌ ပိသဒ္ဒါသည် ဟိရိယိတဗ္ဗေန ကို ပေါင်းစပ်ခြင်းသမ္ပိဏ္ဏနအနက် ရှိပါသည်။

(ဃ) ဝါကျ၌ ပိသဒ္ဒါသည် အလုဘ္ဘနက ကို ပေါင်းစည်းခြင်း သမ္ပုစ္ဆယအနက် ရှိပါသည်။ (တစ်နည်း) ဝါသဒ္ဒါအနက်ရှိပါသည်။ (ပြည်)

(င) ဝါကျ၌ ဣဒံ - အလောဘောတိ ပဒံ ဟု စွဲပါသည်။
အသ - အလောဘသ ဟု စွဲပါသည်။

၈။ (ဂ) ဝါကျ၌ **သြတ္တပ္ပတိ** အရ သြတ္တပ္ပတရားရ၏။

(၁) ထိုသြတ္တပ္ပသည် ဒဿနတ္ထ။

(၂) သူတစ်ပါးတို့ကို အလေးအမြတ်ပြုခြင်းသည် ဒီပကတ္ထ။

(၃) မကောင်းမှုကြောက်လန့်၊ ကောင်းမှုမကြောက်လန့်ခြင်းသည် ပကာသနတ္ထ။

(၄) ပုဗ္ဗေကတပုညတာ စသည်တို့သည် ဝိဘာဝတ္ထ။

(၅) ပဉ္ဉာရှိတို့ ချီးမွမ်းခံရခြင်း၊ ကောင်းရာသုဂတိသို့ လားရခြင်းစသည်တို့ သည် အနုဘာဝတ္ထ။

၉။ **သြတ္တပ္ပ၏ လက္ခဏာဒိစတုက္က**

သြတ္တပ်ံ ဥတ္တာသနလက္ခဏံ၊ ဝဇ္ဇဘီရုကဘယဒဿာဝိလက္ခဏံ ဝါ။ ဥတ္တာသနာကာရေန ပါပါနံ အကရဏာရသံ၊ ပါပါတော သင်္ကောစနပစ္စုပဋ္ဌာန်၊ ပရဂါရဝပဒဋ္ဌာနံ။ (ဋ၊ ၁၆၈။ ဝိသုဒ္ဓိမဂ်၊ ဒု၊ ခန္ဓနိဒ္ဒေသ)

၁၀။ (က) ဝါကျ တေသံ ဓမ္မာနံ-ကား **"တို့ကို"**၊ (တစ်နည်း) **"တို့သို့"** ဟူ၍ အနက်ပေးသောကြောင့် သမာပတ္တိ် ပဋိလာဘံ တို့၌ သဟဇာတပစ္စည်း။

သမာပတ္တိ် ပဋိလာဘံ တို့ကား သဟဇာတပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏။

ပြောင်နိုင်သော ပစ္စည်းသရုပ်ကား

တေသံ ဓမ္မာနံ - အရ အကုသိုလ်နာမက္ခန္ဓာလေးပါးသည် သမာပတ္တိ် ပဋိလာဘံ တို့အရ အနောတ္တပ္ပသဒ္ဓါရက္ခန္ဓာအား ဟေတု၊ အဓိ၊ တိ၊ အညမည၊ သမ္မယုတ္တ၊ အာဟာရ၊ ကမ္မဋ္ဌိယ၊ အတ္ထိ၊ အဂိဂတ။ ဤ (၈) ပစ္စယသတ္တိတို့ဖြင့် ပြောင်၍ ကျေးဇူးပြုပါသည်။

* * * * *

ပိုဒ်ချစဉ် (၂၆)

(က) အလုတ္ဘနာတိ အလုတ္ဘနာကာရော။

(ခ) လောဘသမ္ဓိပဂ္ဂလော လုတ္ဘိတော နာမ၊ နာ.လုတ္ဘိတော အလုတ္ဘိတော၊ အလုတ္ဘိတသ ဘာဝေါ အလုတ္ဘိတတ္တံ။

(ဂ) သာရာဂပဋိပက္ခတော နာ သာရာဂေါတိ အသာရာဂေါ။

(ဃ) အသာရဇ္ဇနာတိ အသာရဇ္ဇနာကာရော၊ အသာရဇ္ဇိတသ ဘာဝေါ အသာရဇ္ဇိတတ္တံ။

(င) နာ အဘိဒ္ဓျာယတီတိ အနဘိဒ္ဓျာ။

(ဋ္ဌ၊ ၁၉၃-၄။ ဘာဋီ၊ ဒု၊ ၄၀၃။ ပြည်၊ ဒု၊ သျှ၊ ၁၈၄)

၁။ (ခ) ဝါကျကို အုနက် ခေပးပါ။

၂။ (ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာ၊ (င) ဝါကျသို့ ကျမ်းရိုးငါး ချက်စောဒနာ တက်ခဲ့ပါ။

၃။ အထက်ပါဝါကျတို့ဖြင့် ပယ်အပ်သော ဂန္ထဒေါသတို့ကို ဖြေပါ။

၄။ (ဂ) ဝါကျ၌ သာရာဂ-ပုဒ်ကို ဝိဂ္ဂဟပြု၍ စတုက္က ခဲ့ပြပါ။

၅။ (ခ) ဝါကျလာပုဒ်တို့ကို လိင် စသည် ခဲ့ပြပါ။

၆။ အထက်ပါဝါကျတို့၌ အာဘော်+သံဝဏ္ဏနာ ဖော်ပြပါ။

၇။ (ဂ) ဝါကျဝယ် အသာရာဂေါ-၌ နိပါတ်၊ ဥပသာရပုဒ်တို့၏အနက်တို့ကို ဖော်ပြပါ။

၈။ (င) ဝါကျ၌ နာ-ကို ဖြတ်၊ အဘိဒ္ဓျာယတီ-အရ ဟရားကိုယ်ကောက်၍၊ ကြိယာ ငါးတန် မှန်ကန်စွာ ထုတ်ပြပါ။

၉။ အနဘိဇ္ဈာ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ (ခ) ဝါကျ၌ လောဘသမ္မာပဓာနလော-ကို ပဋ္ဌာန်းနည်းစာစပ်၍၊ ပြုင်နိုင်သော ပစ္စယသတ္တိတို့ကိုလည်း ထုတ်ပြပါ။

ပို့ချစဉ် (၂၆) အဖြေ

၁။ **(ခ) ဝါကျကို အနက်ပေး**

လောဘသမ္မာပဓာနလော၊ လောဘနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည်။ လုဘ္ဘတော နာမ၊ လုဘ္ဘတမည်၏။ လုဘ္ဘတော၊ တပ်မက်တတ်သည်။ န၊ မဟုတ်။ အလုဘ္ဘတော၊ တပ်မက်တတ်သည်မဟုတ်။ အလုဘ္ဘတဿ၊ မတပ်မက်သောပုဂ္ဂိုလ်၏။ ဘာဝေါ၊ အဖြစ်တည်း။ အလုဘ္ဘတတ္တံ၊ မတပ်မက်တတ်သောပုဂ္ဂိုလ်၏အဖြစ်။

၂။ **(ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဋ္ဌကစောဒနာတက်**

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် အလုဘ္ဘနာ-ကို အလုဘ္ဘနာကာရောဟု ဘာဝသာဓနဝိဂ္ဂဟပြုရမည်ကို ဖွင့်ဆိုတော်မူ၏။ ဤသို့ ဖွင့်ဆိုတော်မူသည် ရှိသော် အလုဘ္ဘတတ္တံ-၌ အလုဘ္ဘတဝယ် တပစ္စည်းသည်လည်း ဘာဝသာဓန၌ ဖြစ်ပါမည်လော။ ထိုသို့ တပစ္စည်း၏ ဘာဝသာဓနဖြစ်ရာသောကြောင့် (က) ဝါကျဖြင့် ဘာဝသာဓနဝိဂ္ဂဟပြုရမည်ကိုသာ မဆိုသင့်။ လုဘ္ဘတ-၌ တပစ္စည်း အနက်၊ အလုဘ္ဘတတ္တ-တို့၌ တပစ္စည်းအနက်တို့ကား အဘယ်ပါနည်း။ ဤသို့ စောဒနာကွယ်ရှိသောကြောင့် (ခ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = အလုဘ္ဘနာ-၌ ယုပစ္စည်း ဘာဝသာဓနကိုသာ ပြသည်မဟုတ်၊ အလုဘ္ဘတတ္တံ-၌ အလုဘ္ဘတဝယ် တပစ္စည်း ကတ္တုသာဓနအနက်၊ တဒ္ဓိတ်တပစ္စည်း ဘာဝတဒ္ဓိတ်အနက်ကို မှတ်အပ်၏ ဟူလို။

(ဇ) ဝါကျသို့ ကျမ်းရိုးငါးချက်စောဒနာတက်

ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် အသာရဇ္ဇနာ၊ အသာရဇ္ဇိတတ္တံ ပုဒ်တို့၏ အသီးအသီး ဘာဝသာဓန၊ ကတ္တုသာဓန၊ ဘာဝတद္ဓိတ်အနက်တို့ကို ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဖွင့်ဆိုသည်ရှိသော် အနဘိဏ္ဍာပုဒ်၏အနက်ကို မသိအပ်ဟူသောအနက်သည် ရောက်၏။ (အနုလောမပါပနာ) စင်စစ်တမူကား မရောက်သင့်။ (ပဋိလောမပါပနာ) ထိုသို့ မရောက်သင့်သောကြောင့် အနဘိဏ္ဍာပုဒ်၏အနက်ကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ) မပြဆိုဘဲ မနေသင့်တန်။ (ပဋိလောမရောပနာ) မနေသင့်တန်ဘဲ နေချေသော် ဆရာ၌ အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသ သင့်ရောက်ရာ၏ဟု စောဒနာဘွယ်ရှိသောကြောင့် (ဇ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = အနဘိဏ္ဍာပုဒ်၏အနက်ကိုလည်း ဖွင့်ပြသောကြောင့် သင်တင်တိုင်းသောဒေါသ ငါ၌မရောက် ကင်းစင်ပျောက်၏ ဟူလို။

၃။ (ခ) ဝါကျဖြင့် (က) ဝါကျ၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။
(ဂ) ဝါကျဖြင့် (ခ) ဝါကျ၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။
(ဃ) ဝါကျဖြင့် (ဂ) ဝါကျ၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။
(ဇ) ဝါကျဖြင့် (ဃ) ဝါကျ၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။

၄။ (ဂ) ဝါကျ၌ သာရာဂေါ၏ ဝိဂ္ဂဟ

သံရဇ္ဇတီတိ, သံရန္ဇတီတိ ဝါ သာရာဂေါ။

ဘေဒစိန္တာဒ္ဒိပနီနည်း

(၁) သံရဇ္ဇတီတိ / သံရန္ဇတီတိ ဟူသော ဝိဂြိဟ်ဝါကျသည် ဗျူပ္ပတ္တိ။
(၂) အစိတ်သဒ္ဒါဖြစ်ကြောင်းဖြစ်သော ပြင်းစွာကပ်ခြင်းကြိယာသည် ဗျူပ္ပတ္တိနိမိတ်။

(၃) သာရာဂေါ ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ။
(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်းဖြစ်သော ပြင်းစွာတပ်ခြင်းကြီယာ၊ (တစ်နည်း) ရာဂလောဘဇာတ်သည် ပဝတ္တိနိမိတ်။

အဘိဓာန်ဋီကာနည်း

(၁) သာဟူသော၊ ရာဟူသော၊ ဂေါဟူသော တစ်လုံးတစ်လုံးသော အက္ခရာဟူဆိုအပ်သော ဝစီဘေဒပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။
(၂) သံပုဗ္ဗ ရန္ဓဓာတ်၊ ဇာပစ္စည်းသည်ရင်း၊ အစိတ်သဒ္ဒါဖြစ်ကြောင်းဖြစ်သော ပြင်းစွာတပ်ခြင်းကြီယာသည်ရင်း ဗျူပ္ပတ္တိနိမိတ်။
(၃) သာရာဂေါဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။
(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်းဖြစ်သော ပြင်းစွာ တပ်ခြင်းကြီယာသည် (တစ်နည်း) ရာဂလောဘဇာတ်သည် ပဝတ္တိနိမိတ်။

၅။ (ခ) ဝါကျလာပုဒ်များကို လိင်စသည်ဖြင့် ခွဲပုံ

လောဘသမင်္ဂီပုဂ္ဂလ . - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။
လုဇ္ဇိတ - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ ကိတနာမပဒ။
နာမ - အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ။
န - အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ။
အလုဇ္ဇိပဒ - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။
ဘာဝ - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ ကိတနာမပဒ။
အလုဇ္ဇိတတ္တ - နပုလ္လိင်၊ စိတ္တာဒိဂုဏ်း၊ အကာရန္တ၊ တဒ္ဓိတနာမပဒ။

၆။ (က) ဝါကျ၌ သံဝဏ္ဏနာဖြင့် အလုဇ္ဇနာ-၌ ယုပစ္စည်း ဘာဝသာမနအနက်၌ ဖြစ်သည်ကိုဂုဏ်း၊ လုဇ္ဇိတော လုဇ္ဇနာဟု ဝိဂြိုဟ်ပြုရမည်ကိုဂုဏ်း၊ နှင့် လုဇ္ဇနာကို

န လုဇ္ဈနာ အလုဇ္ဈနာ ဟု ဥဘေတပ္ပါရိသ်သမာသ်တွဲစပ်အပ်သည်ကိုဂုဏ်းသိစေပါသည်။

* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ကိတ်ပုဒ်ကို အာကာရသဒ္ဒါဖြင့် သံဝဏ္ဏနာဖွင့်သောကြောင့် ကိတ်ပစ္စည်း ဘာဝသာဓနအာဘော်ဖော်ရသည်။ (သံဝဏ္ဏနာနိယံကြည့်)

(ခ) ဝါကျ၌ လောဘသမဂ်ီပုဂ္ဂလော ဟူသောသံဝဏ္ဏနာဖြင့် လုဇ္ဈိတအရလောဘရှိသူကို ကောက်ရမည်ကို သိဇစေပါသည်။

* သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ။

န လုဇ္ဈိတော ဟူသော သံဝဏ္ဏနာဖြင့် အလုဇ္ဈိတော-ကား န-ပုဒ်၊ လုဇ္ဈိတပုဒ်၊ အ-သည် န-၏ကာရိယ၏အဖြစ်ကိုဂုဏ်း၊ န လုဇ္ဈိတော အလုဇ္ဈိတော ဟု ဥဘေတပ္ပါရိသ်သမာသ်တွဲစပ်အပ်သည်ကိုဂုဏ်း သိစေပါသည်။

* နိပါတ်ပုဒ်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒသံဝဏ္ဏနာ။
* သမာသ်ဖြစ်သောလိင်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

အလုဇ္ဈိတသ ဘာဝေါ ဟူသော သံဝဏ္ဏနာဖြင့် အလုဇ္ဈိတာတ္တံ-ကား အလုဇ္ဈိတပုဒ်၊ တ္တပစ္စည်း၊ ထိုတွင် တ္တပစ္စည်း၏ ဘာဝတဒ္ဓိတ်အနက်၌ သက်သည်ကိုဂုဏ်း၊ အလုဇ္ဈိတသ ဘာဝေါ အလုဇ္ဈိတတ္တံ ဟု ဘာဝတဒ္ဓိတ်ပိဋ္ဌိပ်ပြုအပ်သည်ကိုဂုဏ်း သိစေပါသည်။

* တဒ္ဓိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် [illegible]
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ။

(ဂ) ဝါကျ၌ သံဝဏ္ဏနာဖြင့် အသာရာဂေါ-ကား နှ-ပုဒ်၊ သာရာဂ-ပုဒ်တည်း။ ထိုတွင် နှ-၏ပဋိပက္ခအနက်ဟောသည်ကိုဎင်း၊ နှ သာရာဂေါ အသာရာဂေါဟု ဉာဘေတပ္ပုရိသ်သမာသ် ဝိဂြိုဟ်တွဲစပ်အပ်သည်ကိုဎင်း သိစေပါသည်။

* နိပါတ်ဌစ်သောလိင်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထ သံဝဏ္ဏနာ။ (နိပါတလိင်္ဂပဒတ္ထ)
* သမာသ်ဖြစ်သောလိင်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။

(ဃ) ဝါကျ၌ အသာရဠနာကာရောဟူသော သံဝဏ္ဏနာဖြင့် အသာရဠနာ-ကား နပုဒ်၊ သာရဠနာပုဒ်၊ သာရဠနာ-ကား သံပုဗ္ဗ၊ ရဠဓာတ်၊ ယုပစ္စည်းတည်း။ ထိုတွင် ယုပစ္စည်း၏ ဘာဝသာဓနအနက်ဟောသည်ကိုဎင်း၊ သံရဠနံ သာရဠနာ ဟု ဘာဝသာဓနဝိဂ္ဂဟပြုအပ်သည်ကိုဎင်း၊ နှ သာရဠနာ အသာရဠနာဟု ဉာဘေတပ္ပုရိသ်သမာသ်ဝိဂြိုဟ် တွဲစပ်အပ်သည်ကိုဎင်း သိစေပါသည်။

* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* သမာသ်ဖြစ်သောလိင်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် ဒသမာသလိင်္ဂတ္ထ ။

(င) ဝါကျ၌ နှ အဘိဈာယတီတိဟူသော သံဝဏ္ဏနာဖြင့် အနဘိဈာ-ကား နှ-ပုဒ်၊ အဘိဈာပုဒ်တည်း။ ထိုတွင် အဘိဈာပုဒ်ကား အဘိပုဗ္ဗ၊ ဈာဓာတ်၊ (တစ်နည်း) စျာဓာတ်၊ အပစ္စည်းတည်း။ အဘိဥပသာရပုဒ်၏ ဓာတွတ္ထဝိသေသကအနက်ဟောကိုဎင်း၊ အပစ္စည်း၏ ကတ္တားအနက်၌ ဟောသည်ကိုဎင်း၊ အဘိဈာယတီတိ အဘိဈာဟု ကတ္တုသာဓနဝိဂြိုဟ်ပြုအပ်သည်ကိုဎင်း၊ နှ အဘိဈာ အနဘိဈာဟု ဉာဘေတပ္ပုရိသ်သမာသ်ဝိဂြိုဟ် တွဲစပ်အပ်သည်ကိုဎင်း သိစေပါသည်။

* ဥပသာရပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။
* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြဇသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

၇။ [(ဂ) ဝါကျဝယ် အသာရာဂေါ-၌ န-နိပါတ်ပုဒ်ရှေးရှိသော သံ-ဥပသာရပုဒ္ဓ၊ ရန္ဓဓာတ်၊ ဏပစ္စည်းဖြစ်သောကြောင့် န-နိပါတ်အနက်၊ သံ-ဥပသာရအနက်တို့ကိုမေးခြင်း ဖြစ်သည်။]

န-နိပါတ်ပုဒ်၏အနက်ကား - ပဋိပက္ခအနက် ဖြစ်ပါသည်။

သံ-ဥပသာရပုဒ်၏အနက်ကား - ဘုသတ္ထ - ပြင်းစွာဟူသောအနက် ဖြစ်၏။

၈။ (ဃ) ဝါကျ၌ န-ကို ဖြတ်၊ **အဘိဏှာယတိ-အရ** - လောဘ ဖြစ်ပါသည်။

(၁) ထိုလောဘသည် ဒဿနတ္ထ။
(၂) သူတစ်ပါးစည်းစိမ်ကို သာယာတပ်မက်ခြင်းသည် ဒီပကတ္ထ။
(၃) အကျိုးအကြောင်းကို အမှန်မသိခြင်းခြင်းသည် ပကာသနတ္ထ။
(၄) အယောနိသော မနသိကာရသည် ဝိဘာဝတ္ထ။
(၅) အစွဲအလန်းကြီးသဖြင့် မစွန့်လွှတ်နိုင်ခြင်းစသည်သည် အနုဘာဝတ္ထ။
မှတ်ချက်။ ။ အကြောင်းနှစ်ချက်၊ အကျိုးနှစ်ချက် ထုတ်ထားသည်။

၉။ **အနဘိဏှာ၏ (အလောဘ၏) လက္ခဏာဒီစတုက္က**

အလောဘော အာရမ္မဏေ စိတ္တဿ အဂေဓလက္ခဏော၊ အလဂ္ဂဘာဝ-လက္ခဏော ဝါ၊ အပရိဂ္ဂဟနရသော၊ အနလ္လီနဘာဝပစ္စုပဋ္ဌာနော၊ ဝိညာဏ-ပဒဋ္ဌာနော။ (ဋ၊ ၁၇၀-၁။ ဋ၊ သျ၊ ၂၊ ၈၅/၈၆)

၁၀။ (ခ) ဝါကျ၌ **လောဘသမဏီပုဂ္ဂလော**-ကား "သည်" ဟူ၍ အနက်ပေးသောကြောင့် လုဇ္ဈတော် နာမ-၌ သဟဇာတပစ္စည်း၊ လုဇ္ဈတော နာမ-ကား သဟဇာတပစ္စည်း၏ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏။

ပြုင်နိုင်သောပစ္စယသတ္တိတို့ကား -

နာမ်အချင်းချင်းအား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ။ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟု (၁၃) ပစ္စယသတ္တိတို့ဖြင့် ပြုင်၍ ကျေးဇူးပြုပါသည်။

နာမ်သည် နာမ်နှင့် စိတ္တဇရုပ်အား ဝိပွယုတ္တ ထည့်လျှင် (၁၄) ပစ္စယသတ္တိတို့ဖြင့် ပြုင်၍ကျေးဇူးပြုပါသည်။

* * * * *

ဒုံချစဉ် (၂၇)

(က) အလောဘော ကုသလမူလန္တိ အလောဘသဒ္ဒါတံ ကုသလမူလံ။

(ခ) အလောဘော ဟိ ကုသလာနံ ဓမ္မာနံ ပစ္စယဋ္ဌေနာတိ ကုသလမူလံ။

(ဂ) ကုသလဉ္စ တံ ပစ္စယဋ္ဌေန မူလဉ္စာတိပိ ကုသလမူလံ။

(ဋ္ဌ၊ ၁၉၄။ ဘာဒ္ဒီ၊ ဒု၊ ၄၀၄။ ပြည်၊ ဒု၊ သျှ၊ ၁၈၅)

၁။ (ခ) ဂါထာကို ပကတိ ဝိကတိနည်းဖြင့် အနက်ပေးပါ။

၂။ (ခ) ဝါကျ၌ ဌပနာအာဘောဂါဒိပဉ္စကဓာတုနာ၊ (ဂ) ဝါကျ၌ ဌပနာပါပနာဒိကျမ်းရိုးငါးမျက်စောဒနာ တက်ခဲ့ပါ။

၃။ (ခ-ဂ)ဝါကျတို့ဖြင့် ပယ်အပ်သော ဂန္ထဒေါသတို့ကို ဖြေပါ။

၄။ ကုသလမူလံ-ပုဒ်ကို (ခ) ဝါကျ၌ သံဝဏ္ဏနာနုရူပ်နှင့်အညီ ဝိဂ္ဂဟပြု၍ စတုက္က ခွဲပြပါ။

၅။ (က) ဝါကျလာပုဒ်တို့ကို လိင် စသည် ခွဲပြပါ။

၆။ (က) စသော ဝါကျတို့၌ အာဘော်+သံဝဏ္ဏနာ ဖော်ပြပါ။

၇။ (ခ) ဝါကျ ဟိ-နိပါတ်၊ (ဂ) ဝါကျ၌ ပိ-အနက်တို့ကို မှန်ကန်စွာ ဖော်ပြပါ။

၈။ အလောဘ-ကို မူချယူ၍ (ခ) ဝါကျနှင့်အညီ ကြိယာငါးတန် မှန်ကန်စွာ ထုတ်ပြပါ။

၉။ (ခ) ဝါကျလာ အလောဘ-၏ မူလမည်ပုံ၊ (ဂ) ပါကျလာ ကုသိုလ်၏မူလ မည်ပုံ ပရမတ်သဘောကို ရှင်းပြပါ။

၁၀။ (ခ)ဝါကျ၌ ကုသလာနံ ဓမ္မာနံ -ကို ပဋ္ဌာန်းနည်းစာစပ်၍၊ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ပုံကိုလည်း ရှင်းပြပါ။

ပို့ချစဉ် (၂၇) အဖြေ

၁။ (ခ) ဝါကျကို ပကတိဝိကတိနည်းအားဖြင့် အနက်ပေးပုံ

ဟိ-သစ္စံ၊ မှန်၏။ အလောဘော၊ အလောဘသည်။ ကုသလာနံ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့၏။ ပစ္စယဋ္ဌေန၊ ဟေတုပစ္စည်း၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောအနက်ကြောင့်။ မူလံ၊ မူလမည်သည်။ ဟောတိ၊ ဖြစ်၏။ ကံတိ၊ ထို့ကြောင့်။ ကုသလမူလံ၊ ကုသလမူလမည်သည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။ဤသို့ မှန်ခြစ် ✓ * ✓ * ✓ အမှတ်ပြအတိုင်း ပကတိကတ္တား၏ ဟောတိ-ကြိယာထည့်ပေးနည်းကို ပကတိ၊ ဝိကတိ အနက်ပေးနည်းဟု မှတ်ပါ။

၂။ (ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာတက်

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် အလောဘော ကုသလမူလံ ကို အလောဘနှင့်ကုသလမူလကို အရတူ တုလျတ် လိင်္ဂတ်အဖြစ်ဖြင့် ဖွင့်ဆို တော်မူ၏။ ယင်းသို့ ဖွင့်ဆိုတော်မူသည်ရှိသော် ဆရာ့ (က) ဝါကျစကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမ္ပသာ ဖြစ်သည်မဟုတ်ပါလော။ ထိုသို့ ဒဋ္ဌိယမ္ပသာဖြစ်သောကြောင့် ဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သေး၏။ ခိုင်မြဲစေကြောင်း ယုတ္တိ ဒဋ္ဌိကရဏကား အဘယ်ပါနည်း။ ဤသို့ စောဒနာဘွယ်ရှိ၍ (ခ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား - ငါဆိုသော (က) ဝါကျစကားသည် ယုတ္တိကင်းပ ဒဋ္ဌိယမ္ပမဟုတ်၊ ထိုကို ခိုင်မြဲစေကြောင်း ယုတ္တိဒဋ္ဌိကရဏကိုလည်း (ခ) ဝါကျဖြင့် သိအပ်၏ဟူလို။

(က) ဝါကျသို့ ကျမ်းရိုးငါးချက်စောဒနာတက်

ဆရာ၊ ဆရာသည် (ခ) ဝါကျဖြင့် အလောဘော ကုသလမူလံ-၌ ကုသလမူလံ-ကို ကုသလာနံ မူလံ ကုသလမူလံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဖြင့် ဒဋ္ဌိဟရဏကို ဆိုတော်မူ၏။ ယင်းသို့ ဆိုသည်ရှိသော် တပ္ပုရိသ်တစ်မျိုးကိုသာ ပြုကောင်း၏ဟူသော အနက်သည် ရောက်၏။ (အနုလောမပါပနာ) စင်စစ် တမူကား မရောက်သင့်။ (ပဋိလောမပါပနာ) ထိုသို့ မရောက်သင့်သောကြောင့် ရနိုင်သော တစ်ပါးသော သမာသ်ကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမ ရောပနာ) မပြဆိုဘဲ မနေသင့်တန်။ (ပဋိလောမရောပနာ) မနေသင့်တန်ဘဲ နေချေသော် ဆရာ၌ အဗျာပိတာ၊ အပရိပုဏ္ဏာဒါသ သင့်ရောက်ရာ၏ဟု စောဒနာဘွယ် ရှိသောကြောင့် (ဈ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = ရသင့်သော တစ်ပါးသော ကမ္မဓာရည်းသမာသ် ကိုလည်း ငါပြဆိုသောကြောင့် သင်တင်တိုင်းသောဒေါသ ငါ၌မရောက် ကင်းစင်ပျောက်၏ ဟူလို။

၃။ (ခ) ဝါကျဖြင့် (က) ဝါကျ၌တင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။

(ဂ) ဝါကျဖြင့် (က) ဝါကျ၌တင်သော ဝိရောဓိဒေါသကို ပယ်ပါသည်။

တစ်နည်း (ဂ) ဝါကျဖြင့် (ခ) ဝါကျ၌တင်သော အဗျာပိတ၊ အပရိပုဏ္ဏာ ဒေါသကို ပယ်ပါသည်။

၄။ **ကုသလမူလံ - ကို (ခ) ဝါကျ၌ သံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟ**

ကုသလာနံ မူလံ ကုသလမူလံ။

ဘေဒစိန္တာဒီပနီနည်း

(၁) ကုသလာနံ မူလံ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

(၂) ကုသိုလ်တို့၏မူလဖြစ်သော အလောဘနှင့်အကျိုးအကြောင်းအဖြစ်ဖြင့် စပ်ခြင်းသမ္မန်သည် ဗျုပ္ပတ္တိနဲမိတ်။

(၃) ကုသလမူလံ ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

(၄) ကုသိုလ်မူလဖြစ်သော အလောဘတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်။

အဘိဓာန်ဋီကာနည်း

(၁) ကုဟူသော၊ သဟူသော၊ လဟူသော၊ မူဟူသော၊ လံဟူသော ဟစ်လုံး ဟစ်လုံးသော အက္ခရာဟု ဆိုအပ်သော ဝဓိဘေဒပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

(၂) ဆိုခဲ့ပြီးသောသမ္မန်သည်၊ (တစ်နည်း) ကုသလမူဒ်၊ မူလပုဒ်သည် ဗျူပ္ပတ္တိနိမိတ်။

(၃) ကုသလမူလံ ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ကုသိုလ်မူလ အလောဘဇာတ်သည် ပဝတ္တိနိမိတ်။

၅။ (က) ဝါကျလာပုဒ်များကို လိင်္ဂစသည်ဖြင့် ခွဲပုံ

အလောဘ - ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။

ကုသလမူလံ - နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။

ဣတိ - အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ နိပါတပဒ။

အလောဘသဒ္ဒါတံ - ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။

၆။ (က) ဝါကျ၌ အလောဘသဒ္ဒါတံ ကုသလမူလံ ဟူသော သံဝဏ္ဏနာဖြင့် ကုသလမူလံ အရ အလောဘကို ကောက်ယူရမည်ကို သိစေပါသည်။

* သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် သရူပတ္ထသံဝဏ္ဏနာ၊ အဘိဓေယျတ္ထသံဝဏ္ဏနာ။

နိယံ။ ။သဒ္ဒါတသဒ္ဒါ၊ ရှိလေရာ၊ သရုပ်သာမှတ်လေ။

(ခ) ဝါကျရှိ သံဝဏ္ဏနာဖြင့် ကုသလမူလံပုဒ်ကို ကုသလသ မူလံ ကုသလမူလံ ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်တွဲစပ်သည်ကိုဂုဏ်း၊ မူလ-အရ အလောဘကို ယူအပ်သည်ကိုဂုဏ်း၊ အလောဘ၏ မူလအမည်ကား သဟဇာတပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် မူလမည်သတည်းဟူသော အဓိပ္ပါယ်ကိုဂုဏ်း သိစေပါသည်။

* သမာသ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

* ဝိဂြိုဟ်အနက်၏ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။

* သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ။
* အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။

(ဂ) ဝါကျရှိ သံဝဏ္ဏနာဖြင့် ကုသလမူလံ-ကို ကုသလဉ္စ တံ မူလဉ္စာတိ ကုသလမူလံဟု ကမ္မဓာရည်းသမာသ် ဝိဂြိုဟ်တွဲစပ်အပ်သည်ကိုဋ္ဌင်း၊ အလောဘဟိတ်၏ ကုသလမူလမည်ကြောင်း အဓိပ္ပါယ်ကိုဋ္ဌင်း သိစေပါသည်။

* သမာသ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိဂ်တ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။

၇။ (ခ) ဝါကျ၌ ဟိသဒ္ဒါကား ဒဋ္ဌိကရဏဇောတကအနက်ကို ဟောပါသည်။

(ဂ) ဝါကျ၌ ပိသဒ္ဒါကား တပ္ပရိသ်သမာသ်ကို ပေါင်းစည်းခြင်း-သမုစ္စည်းအနက်၊ နည်းတစ်ပါးဟူသော ဝါသဒ္ဒါအနက်ကို ဟောပါသည်။

၈။ **အလောဘကို မုချယူ၍ (ခ) ဝါကျနှင့်အညီ ကြိယာဝါးတန်ထုတ်ပုံ**

(၁) အလောဘသည် ဒဿနတ္ထ။
(၂) ယောနိသော မနသိကာရသည် ဒီပကတ္ထ။
(၃) ကုသိုလ်ဖြစ်ခြင်းသည် ပကာသနတ္ထ။
(၄) ပုဗ္ဗေကတပုညတာ စသည်သည် ဝိဘာဝတ္ထ။
(၅) ဖြူစင်ခြင်း ကောင်းမြတ်သောဘုံဘဝ၊ မဂ်, ဖိုလ်, နိဗ္ဗာန်စသော တရား ဝံသည် အနုဘာဝတ္ထ။

၉။ (ခ) **ဝါကျလာ အလောဘ၏ မူလမည်ပုံကား**

အလောဘဟိတ်သည် ကုသိုလ်တရားဖြစ်ရန် ပဟာတု သဟဇာတပစ္စည်း အဖြစ်ဖြင့် ဖြစ်ခြင်းသဘောသတ္တိသည် အလောဘ၏ မူလမည်ပုံ ဖြစ်ပါသည်။

(ဂ) ဝါကျလာ ကုသိုလ်၏ မူလမည်ပုံကား

အလောဘ ကုသိုလ်သဘောသတ္တိသည် သဟဇာတသတ္တိအဖြစ်ဖြင့် ဖြစ်ခြင်းသည် ကုသိုလ်၏မူလမည်ပုံ ပရမတ်သဘော ဖြစ်ပါသည်။ (သေချာစွာ ဆင်ခြင်ရ၏။)

၁၀။ (ခ) ဝါကျ၌ **ကုသလာနံ ဓမ္မာနံ**-ကား **"တို့၏"** ဟူ၍ အနက်ပေးသောကြောင့် မူလံ-၌ သဟဇာတပစ္စယုပ္ပန်။ မူလံ-၌ သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏။

အဘယ်သို့ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်သနည်းဟူမူကား

ကုသလာနံ ဓမ္မာနံ-ဒဝေါ့ ကုသိုလ်စိတ္တုပ္ပါဒ်သည် အကျိုးပစ္စယုပ္ပန်၊ မူလံ-အာဒိ အလောဘသည် အကြောင်းပစ္စည်း။ ဤသို့ ပစ္စည်းပစ္စယုပ္ပန်ဖြစ်သတည်း။

* * * * *

ပို့ချစဉ် (၂၈)

(က) အဒေါသနိဒ္ဒေသေ အဒုဿနကဝသေန အဒေါသော၊ နာ ဒုဿတီတိပိ အဒေါသော။

(ခ) ကဒမဿ သဘာဝပဒံ။

(ဂ) အဒုဿနာတိ အဒုဿနာကာရော။

(ဃ) အဒုဿိတသ ဘာဝေါ အဒုဿိတတ္တံ။

(င) ဗျာပါဒပဋိပက္ခတော နာ ဗျာပါဒေါတိ အဗျာပါဒေါ။

(စ) ကောဓုက္ခပဋိပက္ခတော နာ ဗျာပတ္တေါတိ အဗျာပတ္တေါ။

(ဋ၊ ၁၉၄။ ဘာဋီ၊ ဒု၊ ၄၀၄။ ပြည်၊ ဒု၊ သျ၊ ၁၈၅)

၁။ (စ) ဝါကျကို မှန်ကန်စွာ အနက်ပေးပါ။

၂။ (ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာ၊ (ဂ) ဝါကျသို့ ဌပနာပါပနာဒိကျမ်းရိုးငါးချက်စောဒနာ တက်ခဲ့ပါ။

၃။ (ခ) စသောဝါကျတို့ဖြင့် ပယ်အပ်သော ဂန္ဆဒေါသတို့ကို ဖြေပါ။

၄။ (ဃ) ဝါကျ၌ ဗျာပါဒ-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တျာဒိစတုက္ကခွဲပြပါ။

၅။ (က) ဝါကျလာပုဒ်တို့ကို လိင် စသည် ခွဲပြပါ။

၆။ (က) စသော ဝါကျကို့၌ အာဘော်+သံဝဏ္ဏာနာ ဖော်ပြပါ။

၇။ (က) ဝါကျ ပိ-အနက်၊ (ခ) ဝါကျ၌ ဣဒမဿ အစွဲကို စွဲပြပါ။

၈။ (က) ဝါကျ၌ နု ဒုဿတိ-အရ တရားကိုယ်ကောက်၍ ကြိယာငါးတန် မှန်ကန်စွာ ထုတ်ပြပါ။

၉။ (စ) ဝါကျ၌ ကောဓ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ (က)ဝါကျ၌ အဒုဿနကဝသေန-ကို ပဋ္ဌာန်းနည်းစာစပ်၍၊ ပြိုင်နိုင်သော ပဋ္ဌာန်း ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြပါ။

ပို့ချစဉ် (၂၈) အဖြေ

၁။ (စ) ဝါကျကို အနက်ပေး

ကောဓဒုက္ခပဋိက္ခဘာဝတော၊ ကောဓကြောင့်ဖြစ်သော ဒုက္ခ၏ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်။ ဗျာပဇ္ဇော၊ ကောဓဟု ဆိုဒ၁်သော ဗျာပါဒကြောင့်ဖြစ်သော ဒုက္ခသည်။ နှ၊ မဟုတ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဗျာပဇ္ဇော၊ အဗျာပဇ္ဇောမည်၏။

၂။ (ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာတက်

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် အဒေါသပုဒ်၏ ဘာဝသာဓန၊ ကတ္တု သာဓနဝိဂြိုဟ်အနက်ကို ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဖွင့်ဆိုသည်ရှိသော် အဒေါသ၊ အဒုဿနာစသော ပရိယာဝေါဟာရ ဒေသနာအများတွင် အဘယ်သည် သဘာဝပုဒ်ဖြစ်သည်ဟု မသိရသေးသည်မဟုတ်ပါလော။ ထိုသို့ မသိရသေးသောကြောင့် ဝစနတ္ထမျှကိုသာ (က) ဝါကျဖြင့် မဆိုသင့်။ အဒေါသပုဒ်သည် အဘယ်ပုဒ်ဖြစ်ပါသနည်း။ ဤသို့ စောဒနာဘွယ်ရှိ၍ (ခ) ဝါကျကို မိန့်။

ဝိဿဇ္ဇနာပိယ်ကား = အဘယ်ပုဒ်သည် သဘာဝပုဒ်ဖြစ်သည်ဟု မသိအပ်သည်မဟုတ်၊ အဒေါသောပုဒ်သည် အဒေါသ၏ သဘာဝပြပုဒ်ဂြိုဟ်၏ ဟူလို။

(ဂ) ဝါကျသို့ ကျမ်းရိုးငါးချက်စောဒနာတက်

ဆရာ၊ ဆရာသည် (ဃ) ဝါကျဖြင့် အဒုဿိတတ္တံ-ပုဒ်၏ ဘာဝကဒ္ဓိဂ် ဝိဂ္ဂဟပစ္စယတ္ထကို ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဖွင့်ဆိုတော်မူသည်ရှိသော် အဗျာပါဒ-၌ နှ-နိပါတ်အနက်နှင့် နဗျာပါဒ သမာသဝိဂ္ဂဟကို မသိအပ်ဟူသော အနက်သည် ရောက်၏။ (အနုလောမပါပနာ) စင်စစ်တမူကား မရောက်သင့်။ (ပဋိလောမပါပနာ) ထိုသို့ မရောက်သင့်သောကြောင့် နှ-၏အနက်နှင့် အဗျာပါဒ ဝိဂ္ဂဟကို ပြဆိုသင့်သေး၏။ (အနုလောမရောပန) မပြဆိုဘဲ မနေသင့်တန်။ (ပဋိလောမရောပနာ) မနေသင့်တန်ဘဲ နေခဲ့သော် ဆရာ၌ အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသ သင့်ရောက်ရာ၏ဟု စောဒနာဘွယ်ရှိသောကြောင့် (ဂ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = အဗျာပါဒ-၌ နှ-၏ပဋိပက္ခအနက်၊ နနှင့်ဗျာပါဒကို နဗျာပါဒေါ အဗျာပါဒေါဟု ဥဘေတပ္ပါရိသမာသ်ဝိဂြိုဟ်ပြုရမည်ဟု ဖွင့်ဆိုသောကြောင့် သင်္ဘာဝတိုင်းသောဒေါသ ငါ၌မရောက် ကင်းစင်ပျောက်၏ ဟူလို။

၃။ (ခ) ဝါကျဖြင့် (က) ဝါကျ၌တင်သော အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်။
(ဂ) ဝါကျဖြင့် (က-ခ) ဝါကျတို့၌တင်သော အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။
(ဃ) ဝါကျဖြင့် (ဂ) ဝါကျ၌တင်သော အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်။
(င) ဝါကျဖြင့် (ဃ) ဝါကျ၌တင်သော အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်။
(စ) ဝါကျဖြင့် (င) ဝါကျကို တင်သော အဗျာပိတ၊ အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

၄။ **(ဃ) ဝါကျ၌ ဗျာပါဒ ပုဒ်၏ ဝိဂ္ဂဟ**

ဝိရူပံ အာပဇ္ဇတိ ဧတေနာတိ ဗျာပါဒေါ။ (ဝိ+အာ+ပဒ+ဏ)
(တစ်နည်း) ဝိရူပံ အာပါဒေတီတိ ဗျာပါဒေါ။

ဘေဒစိန္တာဒီပနီနည်း

(၁) ဝိရူပံ အာပဇ္ဇတိ ဧတေနာတိ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျူပ္ပတ္တိ။
(၂) အစိတ်သဒ္ဒါဖြစ်ကြောင်းဖြစ်သော ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းကြီယာသည် ဗျူပ္ပတ္တိနိမိတ်။
(၃) ဗျာပါဒေါ ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။
(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်းဖြစ်သောကြီယာသည်၊ (ဝါ) ဗျာပါဒဇာတ်သည် ပဝတ္တိနိမိတ်။

အဘိမာန်ဦးကာနည်း

(၁) ဗျာဟူသော၊ ပါဟူသော၊ ဒေါဟူသော် တစ်လုံးတစ်လုံးသော အက္ခရာဟူဆိုအပ်သော ဝစီဘေဒပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။

(၂) အစိတ်သဒ္ဒါဖြစ်ကြောင်းဖြစ်သော ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းကြီယာသည်၊ (တစ်နည်း) ဝိပုဗ္ဗ၊ အာပုဗ္ဗ၊ ပဒဓာတ်၊ ဏာပစ္စည်းသည် ဗျူပ္ပတ္တိနိမိတ်။

(၃) ဗျာပါဒေါ ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းကြီယာ၊ (တစ်နည်း) ဗျာပါဒဏာတ်သည် ပဝတ္တိနိမိတ်။

၅။ (က) ဝါကျလာပုဒ်များကို လိင်္ဂစသည်ဖြင့် ခွဲပုံ

အဒေါသနိဒ္ဒေသ - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။

အဒုဿနကဝသ - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။

အဒေါသ - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။

န - အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ

ဒုဿတိ - အလိင်၊ ဒိဝါဒိဂုဏ်း၊ ကကာရန္တ၊ အာချာတပဒ။

ကတိ/ပိ - အလိင်၊ ဂဏဝိမုတ်၊ ကကာရန္တ၊ နိပါတပဒ။

၆။ (က) ဝါကျ၌ အဒုဿနကဝသေန-ဟူသော သံဝဏ္ဏနာဖြင့် အဒုဿန-၌ ဒုဿန-ကား ဒုဿဓာတ်၊ ယုပစ္စည်း၊ ထိုတွင် ယုပစ္စည်း၏ ဘာဝသာဓနအနက်၌ သက်သည်၏အဖြစ်ကိုဂုဏ်း၊ ဒုဿီယတေ ဒုဿနာ ဟုဝိပြုဟ်ပြုအပ်သည်ကိုဂုဏ်း၊ အ-ကား နု-၏ ကာရိယ၏အဖြစ်ကိုဂုဏ်း၊ နု ဒေါသော အဒေါသော အဒေါသောဟု ဥဘေတပ္ပုရိသ်သမာသ်ဝိဂြိုဟ်ပြုအပ်သည်ကိုဂုဏ်း သိစေပါသည်။

* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* နိပါတ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

(က) ဝါကျ၌ နာ ဒုဿတီတိပိ ဟူသော သံဝဏ္ဏနာဖြင့် ယုပစ္စည်း ကတ္တားဟော သည်ကိုဎင်း၊ ဒုဿတီတိ ဒုဿနာဟု ဝိဂြိဟ်ပြုအပ်သည်ကိုဎင်း၊ အ-သည် နာ-၏ကာရိယ၏အဖြစ်ကိုဎင်း၊ နာ ဒုဿနာ အဒုဿနာဟု ဥဘေတပ္ပရိဿ်သမာသ် တွဲစပ်အပ်သည်ကိုဎင်း သိစေပါသည်။

* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* နိပါတ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

(ဂ) ဝါကျ၌ သံဝဏ္ဏနာဖြင့် အဒုဿနာ-၌ ဒုဿနာ-ကား ဒုဿဓာတ်၊ ယုပစ္စည်း၊ ထိုတွင် ယုပစ္စည်း၏ ဘာဝသာဓနအနက်ဟောသည်ကိုဎင်း၊ ဒုဿိယတေ ဒုဿနာဟု ဝိဂ္ဂဟပြုအပ်သည်ကိုဎင်း၊ နာ ဒုဿနာ အဒုဿနာဟု ဥဘေတပ္ပရိဿ် သမာသ် တွဲစပ်အပ်သည်ကိုဎင်း သိစေပါသည်။

* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။

(ဃ) ဝါကျ၌ သံဝဏ္ဏနာဖြင့် အဒုဿိတတ္တံ-၌ တ္တပစ္စည်း ဘာဝအနက်ပေါ သည်ကိုဎင်း၊ အဒုဿိတသ ဘာဝေါ အဒုဿိတတ္တံ ဟု ဝိဂြိဟ်ပြုအပ်သည် ကိုဎင်း သိစေပါသည်။

* တဒ္ဓိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။

(င) ဝါကျ၌ သံဝဏ္ဏနာဖြင့် အဗျာပါဒေါ-ကား နပုဒ်၊ ဗျာပါဒပုဒ်တည်း။ ထိုတွင် နာ-၏ပဋိပက္ခအနက်ဟောသည်ကိုဎင်း၊ အ-သည် နာ၏ကာရိယ၏အဖြစ်ကိုဎင်း၊

နဗျာပါဒေါ အဗျာပါဒေါဟု ဥဘေတပ္ပဂုရိသ်သမာသ်တွဲစပ်သည်ကိုဂုင်း သိ။
* နိပါတ်ပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။

(စ) ဝါကျ၌ သံဝဏ္ဏနာဖြင့် အဗျာပဇ္ဇော-ကား နပုဒ်၊ ဗျာပဇ္ဇပုဒ်တည်း။ ထိုတွင် န-၏ ပဋိပက္ခအနက်ဟောသည်ကိုဂုင်း၊ အ-၏ နဂါမကာရိယ၏အဖြစ်ကိုဂုင်း၊ ဗျာပဇ္ဇ-အရ ကောဓဒေါသကို ယူအပ်သည်ကိုဂုင်း၊ နဗျာပဇ္ဇော အဗျာပဇ္ဇော ဟု ဥဘေတပ္ပဂုရိသ်သမာသ် ဝိဂြိုဟ်ပြုအပ်သည်ကိုဂုင်း သိစေပါသည်။
* နိပါတ်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် နိပါတလိင်္ဂပဒတ္ထသံဝဏ္ဏနာ။
* အရကောက်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ။
* သမာသ်ပုဒ်အနက်ကို ဖွင့်ပြသောကြောင့် သမာသလိင်္ဂတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။

၇။ (က) ဝါကျ၌ ပိသဒ္ဒါသည် သမုစ္စယတ္ထ၊ (ဝါ) သဒ္ဒတ္ထဖြစ်ပါသည်။
(ခ) ဝါကျ၌ ဣဒံ - အဒေါသောတိ ပဒံ ဟု စွဲပါသည်။
အဿ - အဒေါသောတိ ပဒဿ ဟု စွဲပါသည်။

၈။ (က) ဝါကျ၌ **နဒုဿတိ** - အရ အဒေါသဖြစ်ပါသည်။
(၁) ယင်းအဒေါသသည် ဒဿနတ္ထ။
(၂) စိတ်ဝိညာဏ်သည် ဒီပကတ္ထ။
(၃) အာယာတကင်းပျောက်ခြင်းသည် ပကာသနတ္ထ။
(၄) ယောနိသော မနသိကာရသည် ဝိဘာဝတ္ထ။
(၅) စိတ်ဖြူစင်ခြင်းစသည်သည် အနုဘာဝတ္ထ။

မှတ်ချက်။ ။လွန်ကဏ္ဍာဒီစတုက္ကနှင့် သဘာဝယျဉ်ထွဲထုတ်သည်။

၉။ (စ) ဝါကျ၌ **ကောဓ၏ လက္ခဏာဒိစတုက္က**

ဒေါသော စဏ္ဍိက္ကလက္ခဏော၊ ဝိသပ္ပနရသော၊ အတ္တနော နိဿယဒဟန
ရသော ဝါ၊ ဒုဿနပစ္စုပ္ဌာနော၊ အာယာတဝတ္ထုပဒဋ္ဌာနော။

(ဋ၊ ၂၉၉။ သျ၊ ၃၊ ၃၇)

၁၀။ (က) ဝါကျ၌ **အဒုဿနကဝသေန**-ကား "**ဖြင့်**" ဟူ၍ အနက်ပေးသောကြောင့် အဒေါသော-၌ အနန္တရပစ္စည်း။ အဒေါသော-ကား အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏။

ပြိုင်နိုင်သော ပစ္စယသတ္တိကား

အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ၊ ဤ (၆)ပစ္စယသတ္တိတို့ဖြင့် ပြိုင်၍ ကျေးဇူးပြုပါသည်။

အဒုဿနကဝသေန - အရ ရှေးရှေးကုသိုလ်ဇောစိတ်၌ ဖြစ်သော အဒေါသကိုယူ။

အဒေါသော - အရ နောက်နောက်ကုသိုလ်ဇောစိတ်၌ဖြစ်သော အဒေါသကို ယူ၍ ဤကဲ့သို့ အနန္တရပစ္စည်းသာ ပြိုင်သည်။

[ဆောင်] ဝသေနဟု၊ အထူးပြုက၊ ချင်းစပ်ဆိုင်ရာ၊ ဥပစာ၊ ဆိုင်ရာပိုဒ်မှ၊
နန္တရကား၊ မမှားမုချ၊ အန္တသရုပ်ကြား။ (တွင်းကြီး ၂၆)

* * * * *

ပို့ချစဉ် (၂၉)

(က) အဒေါသသဒ္ဒါတံ ကုသလမူလံ အဒေါသော ကုသလမူလံ။

(ခ) တံ ဝုတ္တတ္ထမေဝ။

(ဂ) ဂ.ာယပဿဒ္ဓိနိဒ္ဒေသာဒီသု ယသ္မာ ကာယောတိ တယော ခန္ဓာ အဓိပ္ပေတာ၊ တသ္မာ ဝေဒနာက္ခန္ဓသာတိ အာဒိ ဝုတ္တံ။

(ဃ) ပဿမ္ဘန္တိ တောယ တေ ဓမ္မာ ဝိဂတဒရထာ ဘဝန္တိ၊ သမသာသပ္ပတ္တာတိ ပဿဒ္ဓိ။

(င) ဒုတိယပဒံ ဥပသဂ္ဂဝသေန ဝုတ်ံ။

(ဥဒ္ဒ၊ ၁၉၄။ ဘာဋီ၊ ဒု၊ ၄၀၅။ ပြည်၊ ဒု၊ သျှ၊ ၁၈၆)

၁။ (ဂ) ဝါကျကို ကတ္တားထည့်စွက်၍ အနက်ပေးပါ။

၂။ (ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာ၊ (ဂ) ဝါကျသို့ ဌပနာပါပနာဒိ ကျမ်းရိုးငါးချက်စောဒနာ တက်ခဲ့ပါ။

၃။ အထက်ပါဝါကျတို့ဖြင့် ပယ်အပ်သော ဂန္ထဒေါသတို့ကို ဖြေပါ။

၄။ (ဃ) ဝါကျ၌ သမသာသ-ပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တာဒိစတုက္ကခွဲပြပါ။

၅။ (ဃ) ဝါကျလာပုဒ်တို့ကို လိင် စသည် ခွဲပြပါ။

၆။ (က-ဂ-ဃ-င) စသော ဝါကျတို့၌ အာဘော်+သံဝဏ္ဏနာ ဖော်ပြပါ။

၇။ (ခ) ဝါကျ တံအစွဲနှင့် ဧဝ-၏ဂဟေတဗ္ဗတ္ထ၊ နိဝတ္တေတဗ္ဗတ္ထတို့ကို ထုတ်ပြ၍ (ဂ) ဝါကျ၌ အဓိပ္ပေတာထားပုံအကြောင်းလည်း ဖြေဆိုပါ။

၈။ (ဂ) ဝါကျ၌ ဝုတ်ံ-၏ အနုတ္တတ္ထ-အရ တရားကိုယ်ကောက်၍ ကြိယာငါးတန် မှန်ကန်စွာ ထုတ်ပြပါ။

၉။ ပဿဒ္ဓိ၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြပါ။

၁၀။ (ဃ) ဝါကျ၌ တေ ဓမ္မာ-ကို ပဌာန်းနည်းစာစပ်၍၊ ပြုင်နိုင်သော ပစ္စယသတ္တိ ကိုလည်း ထုတ်ပြပါ။

ပို့ချစဉ် (၂၉) အဖြေ

၁။ **(ဂ) ဝါကျကို ကတ္တားထည့်စွက်၍ အနက်ပေး**

ကာယပဿဒ္ဓိနဒ္ဒေသာဒီသု၊ ကာယပဿဒ္ဓိနဒ္ဒေသအစရှိသည်တို့၌။ ကာယောတိ ပဒေန၊ ကာယောဟူသော ပုဒ်ဖြင့်။ (**ဘာဒီ**) ကာယောတိ ဧတ္ထ၊ ကာယော ဟူသော ဤပုဒ်၌။ (**ပြည်**) တယော၊ သုံးပါးကုန်သော။ ခန္ဓာ၊ နာမက္ခန္ဓာတို့ကို။ (**ဘဂဝတာ၊ မြတ်စွာဘုရားသည်။**) [ကတ္တား] အဓိပ္ပေတော၊ အလိုရှိအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝေဒနာက္ခန္ဓသာတိအာဒိ၊ ဝေဒနာက္ခန္ဓ အစရှိသောစကားရပ်ကို။ (**ဘဂဝတာ၊ မြတ်စွာဘုရားသည်။**) [ကတ္တား] ဝုတ္တံ၊ ဟောတော်မူအပ်၏။

၂။ **(ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာတက်**

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် အဒေါသော ကုသလမူလ ပုဒ်၏ အနက်ကို ယထာဂ္ဂမ အတ္ထယောဇနာကို ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဖွင့်ဆိုသည်ရှိသော် တစ်ပါးသော ဝါကျတ္ထကိုလည်း ဖွင်ဆိုသင့်သည်မဟုတ်ပါလော။ ထိုသို့ ပြဆိုသင့်သောကြောင့် (က) ဝါကျဖြင့် ယထာဂ္ဂမ အတ္ထယောဇနာမျှကိုသာ မပြဆိုသင့်။ တစ်ပါးသော ဝါကျတ္ထကား အဘယ်ပါနည်း။ ဤသို့ စောဒနာဘွယ်ရှိသောကြောင့် (ခ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = တစ်ပါးသော ဝါကျတ္ထကိုလည်း ပြဆိုသင့်သောကြောင့် အလောဘော ကုသလမူလ်-၌ ဆိုအပ်ပြီးသော အနက်ရှိသောကြောင့် ထိုအလောဘော ကုသလမူလ်-ပုဒ်၏အဖွင့်အတိုင်း သိအပ်၏ ဟူလို့။

(၈) ဝါကျသို့ ကျမ်းရိုးငါးချက်စောဒနာတက်

ဆရာ၊ ဘုရားရှင်သည် ပါဠိတော်၌ ဝေဒနာကွန္ဓသဿ အစရှိသော ပါဠိစကားရပ်ကို ဟောတော်မူ၏။ ယင်းသို့ ဟောတော်မူသည်ရှိသော် ဝေဒနာကွန္ဓသဿ အစရှိသော ပါဠိစကားရပ်ကို ဟောတော်မူရခြင်း၏အကြောင်းဟိတ်ကို မသိအပ်ဟူသော အနက်သည် ရောက်၏။ (အနုလောမပါပနာ) စင်စစ်တမူကား မရောက်သင့်။ (ပဋိလောမပါပနာ) ထိုသို့ မရောက်သင့်သောကြောင့် အကြောင်းဟိတ်ကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ) မပြဆိုဘဲ မနေသင့်တန်။ (ပဋိလောမရောပန) မနေသင့်တန်ဘဲ နေချေသော် ဆရာ၌ အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသ သင့်ရောက်ရာ၏ဟု စောဒနာဘွယ်ရှိသောကြောင့် (၈) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = ဝေဒနာကွန္ဓသဿ အစရှိသောပါဠိ၌ ဟောတော်မူရခြင်း၏အကြောင်းဟိတ်ကို ငါထုတ်ပြသောကြောင့် သင်တင်တိုင်းသောဒေါသ ငါ၌မရောက် ကင်းစင်ပျောက်၏ဟူလို။

၃။ (ခ) ဝါကျဖြင့် (က) ဝါကျ၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။
(ဂ) ဝါကျဖြင့် (က-ခ) ဝါကျတို့၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်ပါသည်။
(ဃ) ဝါကျဖြင့် (က-ခ-ဂ) ဝါကျတို့၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်ပါသည်။
(င) ဝါကျဖြင့် (ဃ) ဝါကျ၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။

။ သမသသိယာဂက သံ ဘုသံ အသသိယတေ သမသာသော။
(သံ၊ အာ၊ သသ၊ ဏ)

ဘေဒစိန္တာဒီပနီနည်း

(၁) သမသသိယတေ ဟူသော ဝိဂြိုဟ်ဝါကျသည် ဗျုပ္ပတ္တိ။

(၂) အစိတ်သဒ္ဒါဖြစ်ကြောင်း သက်သာရာရကြောင်းကြိယာသည် ဗျုပ္ပတ္တိနှစ်မတ်။

(၃) သမဿာသော ဟူသော နိပ္ပန္နသဒ္ဒါသည် ပဝတ္တိ။

(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်း သက်သာရာရခြင်းကြိယာသည် ပဝတ္တိနိမိတ်။

အဘိဓာန်ဋီကာနည်း

(၁) သဟူသော၊ မသ်ဟူသော၊ သာဟူသော၊ သောဟူသော တစ်လုံးတစ်လုံးသော အက္ခရာဟူ ဆိုအပ်သော ဝစီဘေဒပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

(၂) အစိတ်သဒ္ဒါဖြစ်ကြောင်း သက်သာမှုရခြင်းကြိယာ၊ (တစ်နည်း) သံပုဇ္ဇ၊ အာပုဇ္ဇ၊ သသဓာတ်၊ ဏာပစ္စည်းသည် ဗျုပ္ပတ္တိနိမိတ်။

(၃) သမဿာသဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) အပေါင်းပညတ္တိသဒ္ဒါဖြစ်ကြောင်း သက်သာမှုရခြင်းကြိယာသည် ပဝတ္တိနိမိတ်။

၅။ **(ယ) ဝါကျရှိပုဒ်များကို လိင်စသည်ဖြင့် ခွဲပုံ**

ပဿမ္ဘန္တိ - အလိင်၊ ဘူဝါဒိဂိဏ်း၊ ဣကာရန္တ၊ အာချာတပဒ။

ဧတာယ - ဣတ္ထိလိင်၊ ကညာဒိဂိဏ်း၊ အာကာရန္တ၊ သဗ္ဗနာမပဒ။

ဧတေ - ပုလ္လိင်၊ ပုရိသာဒိဂိဏ်း၊ အကာရန္တ၊ သဗ္ဗနာမပဒ။

မမ္မာ - ပုလ္လိင်၊ ပုရိသာဒိဂိဏ်း၊ အကာရန္တ၊ ကိတနာမပဒ။

ဝိဂတဒရထာ - ပုလ္လိင်၊ ပုရိသာဒိဂိဏ်း၊ အကာရန္တ၊ သမာသပဒ။

ဘဝန္တိ - အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ၊ အာချာတပဒ။

သမဿာသပ္ပတ္တာ - ပုလ္လိင်၊ ပုရိသာဒိဂုဏ်း၊ အကာရန္တ၊ သမာသပဒ။
ကွတိ - အလိင်၊ ဂဏဝိမုတ်၊ ကွကာရန္တ၊ နိပါတပဒ။
ပဿဒ္ဓိ - ကွတ္ထိလိင်၊ ရတ္တာဒိဂုဏ်း၊ ကွကာရန္တ၊ ကိတနာမပဒ။

၆။ (က) ဝါကျ၌ သံဝဏ္ဏနာဖြင့် ကုသလမူလ -အရ အဒေါသကို ယူအပ်သည်ကို သိစေပါသည်။

* သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် သရူပတ္ထ, အဘိဓေယျတ္ထသံဝဏ္ဏနာ။

(ဂ) ဝါကျ၌ သံဝဏ္ဏနာဖြင့် ကာယပဿဒ္ဓိ-၌ ကာယ-အရ ရူပကာယကို မယူရ၊ စေတသိက်ခန္ဓာသုံးပါးကို ယူအပ်သည်ကို သိစေပါသည်။

* သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင် အဘိဓေယျတ္ထသံဝဏ္ဏနာ။

(ဃ) ဝါကျ၌ သံဝဏ္ဏနာဖြင့် ပဿဒ္ဓိ-ကား ပပုဇ္ဇ၊ သမ္ဘဓာတ်၊ တိပစ္စည်း၊ ထိုတွင် သမ္ဘဓာတ်၏ ဝိဂတဒရထ - ပူပန်မှုမှ ငြိမ်းအေးခြင်းအနက်ဟောသည်ကိုဎင်း၊ တိပစ္စည်း ကရဏသာဓနအနက်ဟောသည်ကိုဎင်း၊ ဝိဂတဒရထ-ပူပန်မှုမှ ငြိမ်းအေး၏ဟူသည် စိတ်သက်သာရာရခြင်းပင်ဟူသော အဓိပ္ပါယ်ကိုဎင်း၊ ပ-ဥပသာရ၏ဓာတ္ဝတ္ထာနုဝတ္တက၏အဖြစ်ကိုဎင်း၊ ပဿမ္ဘန္ဓိ ဧတာယတိ ပဿဒ္ဓိ ဟု ကရဏသာဓနဝိဂြိုဟ်ပြုအပ်သည်ကိုဎင်း သိစေပါသည်။

* ကိတ်ဓာတ်အနက်ကို ဖွင့်ပြသောကြောင့် ဒုတိယဓာတ္ဝတ္ထသံဝဏ္ဏနာ။
* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* အဓိပ္ပါယ်အနက်ကို ဖွင့်ပြသောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။
* ဥပသာရပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။

(ဂ) ဝါကျ၌ သံဝဏ္ဏနာဖြင့် ပဋိပသဒ္ဓိ-၌ ပတိပုဒ်၏ ဓာတွတ္ထ နှဝတ္တ၏အဖြစ်ကို သိစေပါသည်။

* ဥပသာရပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။

၇။ (ခ) ဝါကျ၌ တံ-အစွဲကား တံ - အဒေါသော ကုသလမူလန္တိ ပဒံ ဟု စွဲပါသည်။

(ခ) ဝါကျ၌ ဧဝသဒ္ဒါ၏ **ဂဟေတဗ္ဗတ္ထကား** ဝုတ္တတ္ထ၊

နိဝတ္တေတဗ္ဗတ္ထကား အဝုတ္တတ္ထ ဖြစ်ပါသည်။

(ဂ) ဝါကျ၌ အဓိပ္ပေတာသဒ္ဒါထားပုံ

ကာယ-ကား ရူပကာယ၊ နာမကာယဟု နှစ်မျိုးရှိရာတွင် ကာယအပေါင်းဖြစ်၍ ဝက််တ္ထ သံသယတ္ထဖြစ်သောကြောင့် ရူပကာယကို တားမြစ်၍ နာမကာယကို လုံ့ယူရသောအရာဌာနာဖြစ်သောကြောင့် (ဂ) ဝါကျ၌ အဓိပ္ပေတာထား၏သည်။

[ဆောင်] အဓိပ္ပေတံ၊ နည်းတူကြံ၊ လုရန်စကားမှာ။ (ရွှေ၊ ၃၁၉)

၈။ (ဂ) ဝါကျ၌ ဝုတ္တံ-၏ **ဝစနတ် အန္တတ္ထ အရ** ဒေသနာဉာဏ်တော်သည်။

(၁) ထိုဒေသနာဉာဏ်တော်သည် ဒဿနတ္ထ။

(၂) အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့သည် ဒီပကတ္ထ။

(၃) ဝေဒနာက္ခန္ဓသ စသော ဒေသနာတော်သည် ပကာသနတ္ထ။

(၄) မဟာကရုဏာဉာဏ်၊ ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။

(၅) တရားတော်ကို နာရခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုဘာဝတ္ထ။

၉။ **ပဿဒ္ဓိ၏လက္ခဏာဒိစတုက္က**

ပဿဒ္ဓိ ဒရထသမလက္ခဏာ၊ ဒရထသ နိပ္ပန္နနရသာ၊
သီတိဘာဝပစ္စုပဋ္ဌာနာ၊ ကာယစိတ္တပဒဋ္ဌာနာ။

၁၀။ (ယ) ဝါကျ၌ **တေ မမ္မာ** - ကား "**တို့သည်**" ဟူ၍ အနက်ပေးသောကြောင့် ပဿမ္ဘန္တိ-၌ သဟဇာတပစ္စည်း။ ပဿမ္ဘန္တိ-ကား သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန် အဖြစ်ဖြင့် စပ်အပ်၏။

[တေ မမ္မာ - အရ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဤစေတသိက် ခန္ဓာသုံးပါးကို ယူအပ်၏။ ပဿမ္ဘန္တိ - အရ ဤစေတသိက်ခန္ဓာသုံးပါးတည်း]

ထိုတွင် ဝေဒနာက္ခန္ဓာပစ္စည်းတရားသည် သညာ၊ သင်္ခါရ နှစ်ပါးအား သဟဇာတ၊ နိဿယ၊ ဤဿဇ္ဇိယ၊ စျာန၊ အတ္ထိ၊ အဝိဂတ၊ ဤ (၆) ပစ္စယသတ္တိတို့ဖြင့် ပြုုံ၍ ကျေးဇူးပြုပါသည်။

သညာသည် ဝေဒနာ, သင်္ခါရအား သဟဇာတ၊ အညမည၊ နိဿယ။ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤ (၆)ပစ္စယသတ္တိတို့ဖြင့် ပြုုံ၍ကျေးဇူးပြုပါသည်။

သင်္ခါရက္ခန္ဓာသည် သညာ, ဝေဒနာအား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဤဿဇ္ဇိယ၊ စျာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ (၁၃)ပစ္စယသတ္တိတို့ဖြင့် ပြုုံ၍ ကျေးဇူးပြုပါသည်။

*****

ပို့ချစဉ် (၃၀)

(က) ပဿမ္ဘနာတိ ပဿမ္ဘနာကာရော။

(ခ) ဒုတိယပဒံ ဥပသဂ္ဂဝသေန ဝဗိုတံ။

(ဂ) ပဿဒ္ဓိသမင်္ဂီတာယ ပဋိပ္ပဿမ္ဘိတသ ခန္ဓတ္တယသ ဘာဝေါ ပဋိပ္ပဿမ္ဘိတတ္တံ။

(ဃ) သဗ္ဗပဒေဟိပိ တိဏ္ဏံ ခန္ဓာနံ ကိလေသဒရထပဋိပ္ပဿဒ္ဓိ ဧဝ ကထိတာ။ ဒုတိယပဒေန ဝိညာဏက္ခန္ဓသ ဒရထပဋိပ္ပဿဒ္ဓိ ကထိတာ။

(ဋ၊ ၁၉၄။ ဘာဒ္ဒိ၊ ဒု၊ ၄၀၅။ ပြည့်၊ ဒု၊ သျှ၊ ၁၈၇)

၁။ (ဃ) ဝါကျကို အနက်ပေးပါ။

၂။ (ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာ၊ (ဃ) ဝါကျသို့ ဌပနာပါပနာဒိကျမ်းရိုးငါးချက်စောဒနာ တက်ခဲ့ပါ။

၃။ (ခ) ဝါကျစသည်တို့ဖြင့် ပယ်အပ်သော ဂန္ထဒေါသတို့ကို ဖြေပါ။

၄။ (က) ဝါကျ၌ သံဝဏ္ဏောတပ္ပကို သံဝဏ္ဏနာနှင့်အညီ ဝိဂ္ဂဟပြု၍ စကားကို ခွဲပြပါ။

၅။ (ဂ) ဝါကျလာပုဒ်တို့ကို လိင် စသည် ခွဲပြပါ။

၆။ အထက်ပါဝါကျတို့၌ အာဘော်+သံဝဏ္ဏနာ ဖော်ပြပါ။

၇။ (ဃ) ဝါကျ၌ ပါ၊ ဧဝသဒ္ဒါတို့၏အနက်တို့ကို ဖော်ပြပါ။

၈။ (ခ) ဝါကျ၌ ဝုမိုတံ၏ သုဒ္ဓကြိယာအရ ကောက်၍ ကြိယာပါးတန် ထုတ်ပြပါ။

၉။ (ဃ) ဝံ ကျလာ ဝိညာဏက္ခန္ဓာ၏ လက္ခဏာဒီစကားကို ထုတ်ပြပါ။

၁၀။ (ဃ) ဝါကျ၌ တိဏ္ဏံ ခန္ဓာနံ-ကို ပဋ္ဌာန်းနည်းစာဖတ်၍၊ ပြောင်နိုင်သော ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြပါ။

ပို့ချစဉ် (၃၀) အဖြေ

၁။ (ဃ) ဝါကျကို အနက်ပေးပုံ

သဗ္ဗပဒေဟိပိ၊ အလုံးစုံသောပုဒ်တို့ဖြင့်လည်း။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ကိလေသဒရထပဋိပ္ပဿဒ္ဓိ ဇေ၊ ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းခြင်းကိုသာလျှင်။ (ဘဂဝတာ၊ သည်။) ကထိတာ၊ ဟောတော်မူအပ်၏။ ဒုတိယနယေန၊ ဒုတိယနည်းဖြင့်။ ဝိညာဏက္ခန္ဓဿ၊ ၏။ ဒရထပဋိပ္ပဿဒ္ဓိ ဇေ၊ ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းခြင်းကိုသာလျှင်။ ကထိတာ၊ ဟောတော်မူအပ်၏။

၂။ (ခ) ဝါကျသို့ ဌပနာအာဘောဂါဒိပဉ္စကစောဒနာတက်

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် ပဿမ္ဘနာပုဒ်၏ ဘာဝသာနေဝါစကအနက်ကို ဖွင့်ဆိုတော်မူ၏။ ယင်းသို့ ဖွင့်ဆိုတော်မူသည်ရှိသော် ပဋိပ္ပဿမ္ဘနာပုဒ်၏ အနက်ထူးကို မှတ်ရပါသလော။ ထိုသို့ မှတ်ရာသောကြောင့် (က) ဝါကျဖြင့် ပဿမ္ဘနာပုဒ်၏ ဘာဝသာဓနဝါစကအနက်ကိုသာ မဖွင့်ဆိုသင့်။ ပဋိပ္ပဿမ္ဘနာပုဒ်၏ အနက်ကား အဘယ်ပါနည်း။ ဤသို့ စောဒနာဘွယ်ရှိ၍ (ခ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = ပဋိပ္ပဿမ္ဘနာပုဒ်သည် ပဿမ္ဘနာပုဒ်နှင့် အနက်ထူးကို မမှတ်အပ်၊ အနက်မထူး ပတိဉပသာရမ္ဘသာ ပိုသည်ဟု မှတ်အပ်၏ ဟူလို။

(ဃ) ဝါကျသို့ ကျမ်းရိုးငါးချက်စောဒနာတက်

ဆရာ၊ ဘုရားရှင်သည် ပထမ ဒုတိယနည်းနှစ်ပါးကို ဟောတော်မူ၏။ ယင်းသို့ ဟောတော်မူသည်ရှိသော် နည်းနှစ်ပါးအထူးကို မသိအပ်ဟူသော အနက်သည် ရောက်၏။ (အနုလောမပါပနာ) စင်စစ်တမူကား မရောက်သင့်။

(ပဋိလောမပါပနာ) ထိုသို့ မရောက်သင့်သောကြောင့် နည်းနှစ်ပါးအထူးကိုလည်း ပြဆိုသင့်သေး၏။ (အနုလောမရောပနာ) မပြဆိုဘဲ မနေသင့်တန်။ (ပဋိလောမရောပန) မနေသင့်တန်ဘဲ နေချေသော် ဆရာ၌ အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသသင့်ရောက်ရာ၏ဟု စောဒနာဘွယ်ရှိသောကြောင့် (ဃ) ဝါကျကို မိန့်။

အဓိပ္ပါယ်ကား = ပထမနည်းဖြင့် စေတသိက်ခန္ဓာသုံးပါးတို့၏ ကိလေသာတို့မှ ငြိမ်းအေးခြင်းကိုသာ ဟောတော်မူအပ်၏။ ဒုတိယနည်းဖြင့် ဝိညာဏကွန္ဓာ၏ ကိလေသာတို့၏ ငြိမ်းအေးခြင်းကို ဟောတော်မူအပ်၏ဟု ငါပြဆိုသောကြောင့် သင်တင်တိုင်းသောဒေါသ ငါ၌မရောက် ကင်းစင်ပျောက်၏ဟူလို။

၃။ (ခ) ဝါကျဖြင့် (က) ဝါကျ၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။
(ဂ) ဝါကျဖြင့် (က-ခ) ဝါကျတို့၌တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်။
(ဃ) ဝါကျဖြင့် (ဂ) ဝါကျ၌တင်သော (တစ်နည်း) ပါဠိ၌ တင်သော အဗျာပိတာ၊ အပရိပုဏ္ဏာဒေါသကို ပယ်ပါသည်။

၄။ **(က) ဝါကျ၌ သံဝဏ္ဏနာနှင့်အညီ ပဿမ္ဘနာ ဝိဂွဟ**

ပဿမ္ဘိယတေ ပဿမ္ဘနာ။

ဘေဒစိန္တာဒီပနီနည်း

(၁) ပဿမ္ဘိယတေ ဟူသော ဝိဂွဟသည် ဗျုပ္ပတ္တိ။
(၂) အဒိတ်သဒ္ဒါဖြစ်ကြောင်း ငြိမ်းအေးခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။
(၃) ပဿမ္ဘနာ ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။
(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်း ငြိမ်းအေးခြင်းကြိယာသည် ပဝတ္တိနိမိတ်။

အဘိမာန်ဋီကာနည်း

(၁) ပသ်ဟူသော၊ သမ်ဟူသော၊ ဘဟူသော၊ နာဟူသော တစ်လုံးတစ်လုံးသော အက္ခရာဟု ဆိုအပ်သော ဝစီဘေဒပရမတ္ထသဒ္ဒါသည် ဗျူပ္ပတ္တိ။

(၂) ငြိမ်းအေးခြင်းကြီယာ၊ ပပုဗ္ဗ၊ သမ္ဘာဓာတ်၊ ယုပစ္စည်းသည် ဗျူပ္ပတ္တိနိမိတ်။

(၃) ပဿမ္ဘနာ ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(၄) အပေါင်းသဒ္ဒါဖြစ်ကြောင်း ငြိမ်းအေးခြင်းကြီယာသည် ပဝတ္တိနိမိတ်။

၅။ (ဂ) ဝါကျပုဒ်များကို လင်္ဂစသည်ဖြင့် ခွဲပုံ

ပဿဒ္ဓိသမဏီတာ - ဣတ္ထိလိင်၊ ကညာဒီဂိုဏ်း၊ အာကာရန္တ၊ တဒ္ဓိတ်နာမပဒ။

ပဋိပဿမ္ဘိတာ - နပုံလိင်၊ စိတ္တာဒီဂိုဏ်း၊ အကာရန္တ၊ ကိတနာမပဒ။

ခန္ဓတ္တယ - နပုံလိင်၊ စိတ္တာဒီဂိုဏ်း၊ အကာရန္တ၊ သမာသပဒ။

ဘာဝ - ပုံလိင်၊ ပုရိသာဒီဂိုဏ်း၊ အကာရန္တ၊ ကိတနာမပဒ။

ပဋိသမ္ဘိတတ္တ - နပုံလိင်၊ စိတ္တာဒီဂိုဏ်း၊ အကာရန္တ၊ တဒ္ဓိတ်နာမပဒ။

၆။ (က) ဝါကျ၌ သံဝဏ္ဏနာဖြင့် ပဿမ္ဘနာ-၌ ယုပစ္စည်း ဘာဝသာဓနအနက်ဟောသည်ကိုဎင်း၊ ပဿမ္ဘိယတေ ပဿမ္ဘနာဟု ဝိဂ္ဂဟပြုရမည်ကိုဎင်း၊ ပဋိပဿာရပုဒ်၏ ဓာတ္ဝတ္ထာနုဝတ္တကအဖြစ်ကိုဎင်း သိစေပါသည်။

* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။

* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် ဘဘိမာနတ္ထသံဝဏ္ဏနာ။

* ဥပသာရပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။

(ခ) ဝါကျ၌ သံဝဏ္ဏနာဖြင့် ပဋိပဿမ္ဘနာ-၌ ပတိ၏အနက်ထူးမရှိသည်၏အဖြစ်ကို သိစေပါသည်။

* ဥပသာရပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ.

(ဂ) ဝါကျ၌ ပဿဒ္ဓိသမ်ာဓိတာယ ဟူသော သံဝဏ္ဏနာဖြင့် ပဋိသမ္ဘိတတ်-၌ ပဋိပ္ပဿမ္ဘိတ ဟူသော ပုဒ်ကား ပဋိပုဋ္ဌ၊ ပပုဋ္ဌ၊ သမ္ဘာတ်၊ တပစ္စည်း။ ထိုတွင် ပဋိ+ပ+တို့၏ ဓာတ္ဝတ္ထာနုဝတ္တကဓ်၏အဖြစ်ကိုဂင်း၊ တပစ္စည်း ကတ္တားအနက်ဟောသည်ကိုဂင်း၊ ပဋိသမ္ဘိယိတ္ထာတိ ပဋိပ္ပဿမ္ဘိတံဟု ကတ္တုသာဓနဝိဂြိုဟ်ပြု အပ်သည် ကိုဂင်း သိစေပါသည်။

* ဥပသာရပုဒ်၏အနက်ကို ဖွင့်ပြသောကြောင့် ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ။
* ကိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ။
* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။

မှတ်ချက်။ ပဋိပ္ပဿမ္ဘိတ-ကိတ်ပုဒ်ကို သမဓိသဒ္ဒါနှင့် တတိယာတပ္ပုရိသ် သမာသ်ဖွင့်ပြသောကြောင့် ကတ္တုသာဓနအာဘော် ဖေါ်ရပါသည်။

(ဂ) ဝါကျ၌ ခန္ဓတ္တယသဿ သံဝဏ္ဏနာဖြင့် ပဋိပ္ပဿမ္ဘိတပုဒ်အရ စေတသိက်ခန္ဓာသုံးပါး်ကို အရကောက်အပ်သည်ကို သိစေပါသည်။

* အရကောက်ကို ဖွင်ပြသောကြောင့် အဘိဓေယျတ္ထသံဝဏ္ဏနာ။

ပဋိပ္ပဿမ္ဘိတဿ ဘာဝေါ ဟူသော သံဝဏ္ဏနာဖြင့် ပဋိပ္ပဿမ္ဘိတတ်-ကို ပဋိပ္ပဿမ္ဘိတဿ ဘာဝေါ ပဋိပ္ပဿမ္ဘိတတ်ံ ဟု ဘာဝတဒ္ဓိတ်ဝိဂြိုဟ် ပြုအပ်သည်ကိုဂင်း၊ တ္တပစ္စည်း ဘာဝတဒ္ဓိတ်အနက်ဟောသည်ကိုဂင်း သိစေပါသည်။

* ဝိဂြိုဟ်အနက်ကို ဖွင့်ပြသောကြောင့် အဘိဓာနတ္ထသံဝဏ္ဏနာ။
* တဒ္ဓိတ်ပစ္စည်းအနက်ကို ဖွင့်ပြသောကြောင့် ပစ္စယတ္ထသံဝဏ္ဏနာ။

(ဃ) ဝါကျ၌ ပိသဒ္ဒါကား သမုစ္စည်းအနက် ရှိပါသည်။
ဧဝသဒ္ဒါကား အဝဓာရဏအနက်ရှိပါသည်။
တိုတွင် ကိလေသဒရထပဋိပ္ပဿဒ္ဓိသည် ဂဟေတဗ္ဗတ္ထ၊ အပဋိပ္ပဿဒ္ဓိသည် နိဂဟေတဗ္ဗတ္ထ ဖြစ်ပါသည်။

၈။ (ခ) ဝါကျဝယ် ဝမိုတံ-၌ **သုဒ္ဓကြီယာအရ** ပဋိပ္ပဿမ္ဘနာ ဟူသော အစိတ်အစိတ် ဝစီဘေဒပရမတ္ထသဒ္ဒါတည်း။

မှတ်ချက်။ ဗာဟျတ္ထအရ မေးလျှင်လည်း ဝစီဘေဒပရမတ္ထသဒ္ဒါပင် ဖြစ်။

(၁) ပဋိပ္ပဿမ္ဘနာဟူသော ဝစီဘေဒပရမတ္ထသဒ္ဒါသည် ဒဿနတ္ထ။

(၂) ဒေသနာဉာဏ်တော်သည် ဒီပကတ္ထ။

(၃) ပဋိပ္ပဿမ္ဘနာဟူသော တရားတော်ကို ကြားနာရခြင်းသည် ပကာသနတ္ထ။

(၄) မဟာကရုဏာဉာဏ်၊ ပါရမီဉာဏ်တော်တို့သည် ဝိဘာဝတ္ထ။

(၅) ဒိဋ္ဌဓမ္မိက, သမ္ပရာယိက၊ လောကီလောကုတ္တရာ အကျိုးတို့သည် အနုဘာဝတ္ထ။

၉။ **ဝိညာဏကွန္ဓာ၏ လက္ခဏာဒိစတုက္က**

ဝိညာဏံ = ဝိဇာနနလက္ခဏံ။ ပုဗ္ဗင်္ဂမရဿံ

သန္ဒဟနပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။

၁၀။ (ဃ) ဝါကျ၌ **တိဏ္ဏံ ခန္ဓာနံ**-ကား **"တို့၏"** ဟူ၍ အနက်ပေးသောကြောင့် ပဋိပ္ပဿဒ္ဓိ နောက်ပုဒ်၌ သဟဇာတပစ္စည်း၊ ပဋိပ္ပဿဒ္ဓိ-ကား သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်အဖြစ်ဖြင့် စပ်အပ်၏။

(၁) ဝေဒနာက္ခန္ဓာသည် သညာက္ခန္ဓ၊ သင်္ခါရက္ခန္ဓာအား သဟဇာတ၊ နိဿယ၊ ကမ္မဿ်ယ၊ စျာန၊ အတ္ထိ၊ အဝိဂတ၊ ဤ(၆)ပစ္စယသတ္တိတို့ဖြင့် ပြု၍ ကျေးဇူးပြုပါသည်။

(၂) သညာက္ခန္ဓာသည် ဝေဒနာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာအား သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤ (၆) ပစ္စယသတ္တိတို့ဖြင့် ပြု၍ ကျေးဇူးပြုပါသည်။

(၃) သခ်ီရက္ခန္ဓာသည် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာအား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ (၁၃) ပစ္စယသတ္တိတို့ဖြင့် ပြုငှ် ကျေးဇူးပြုပါသည်။

မှတ်ချက် - ပဋ္ဌာ (၂၉-၃၈) တို့တွင် နံပါတ် (၁၀)သည် အရကောက်အတူ ဖြစ်၍ ပစ္စည်းပြုငှ်တူပါသည်။

အင်္ဂသာလိနိပ္ပဲ့ချစဉ်ကျမ်း ပြီး၏။

❑ ❑ * * * ❑ ❑

ဆုတောင်း

* ဗုဒ္ဓဟောကြား မြတ်တရားကို
ရေးသားပါရ မြတ်ပုညကြောင့်
ဘဝဖန်ခါ ကျင်လျည်ရာ၌
မှန်စွာပူပြင်း ကိလေကင်း၍
အလင်းဉာဏ်ရောင် ကိုယ်တွင်းအောင်သည်
ဆောင်တိုင်းပြီးမြောက်ပါစေသော်။

* ဗုဒ္ဓဟောကြား မြတ်တရားကို
ရေးသားပါရ ကုသလကြောင့်
ဘဝနောင်ခါ သံသရာ၌
ပညာများမြတ် ကျမ်းဂန်တတ်၍ . . .။

* ဆတ်ဆတ်ကျော်ကြား လူနတ်များကို
တရားရေအေး တိုက်ခါကျွေး၍
ငြိမ်းအေးအမှန် မြတ်နိဗ္ဗာန်သို့
ကောန်မုချ ရောက်ရပါစေသော်။

အမျှဝေ

ဤသို့ရေးရ ကုသလ၏ ဘာဂကောင်းမှု အစုစုကို ကျေးဇူးကြီးမား မိဘများအား အစထား၍ သုံးဆယ်တစ်ဘုံ ကျင်လည်ကုန်ငြား လူနတ်ဗြဟ္မာ သတ္တဝါတို့အား အမျှ-အမျှ ဝေးဝေငှပါ၏။ အမျှရ၍ ကိုယ်,စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

□□□ **** □□□

ဦးခင်မြင့်+ဒေါ်အေးအေးမြင့်

သမီး - သူရိန်ဝင့်ဝင့်ဟန်၊ နွေးလဝန်းအိ

သား - မောင်လွင်ဘုန်း မိသားစု

ကျောက်မြောင်း၊ ရန်ကုန်မြို့မှ

လှူဒါန်းပါသည်။